# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 13 June 2018 ၉၃၁၆


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ ဖွင့်ပွဲ တက်ရောက် ခရီးသွားလုပ်ငန်းကဏ္ဍ အကောင်းဆုံးဖြစ်အောင် ဆွေးနွေးအဖြေရှာသွားကြရန် တိုက်တွန်းပြောကြား

နေပြည်တော် ဇွန် ၁၂

မြန်မာ့ခရီးသွားလုပ်ငန်း ကွန်ဖရင့်-၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်းဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**များစွာအထောက်အကူပြုမည်**

အခမ်းအနားတွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် အမျိုးသားအဆင့်အစည်းအဝေးသည် နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်သည့်နေရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများကို ယမန်နှစ်က နှစ်ကြိမ်ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးများကျင်းပစဉ်က ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပြီးစီးမည်ဟုယုံကြည်ပါကြောင်း။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆


“မြန်မာနိုင်ငံအနေဖြင့် အာဆီယံ+၃ နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ဧည့်သည်ဝင်ရောက်မှု ပိုမိုတိုးတက်စေရန်အတွက် ဗီဇာစနစ်များ ဖြေလျှော့ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်”

## ရာနှုန်းပြည့်မိုး (၁၃-၆-၂၀၁၈)

**နေပြည်တော်**

မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

## ရှန်ဂရီလာသို့ တစ်ခေါက်


စာမျက်နှာ ›› ၆


## လူမျိုးတစ်မျိုး၊ နိုင်ငံနှစ်ခု ပေါင်းစည်းမှု အစပြုပြီလော


စာမျက်နှာ ›› ၇





# ဒီမိုကရေစီလုပ်ငန်းစဉ် ပြည်သူတိုင်းပါဝင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပြည့်မြောက်သည့် နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့်နေ့၌ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် ပြည်သူအားလုံး၏ "စုပေါင်းအင်အား" အရေးကြီးပုံကို အလေးထား ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ယခုလာမယ့် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်" ဟု ပြောကြားခဲ့သည်။ မျက်မှောက်ကာလတွင် နိုင်ငံအတွင်းရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများစွာတို့ကို နိုင်ငံတော်အစိုးရ သန္နိဋ္ဌာန်ချထားမှုနှင့်အညီ ပြည်သူများအားလုံး၏ စုပေါင်းအင်အားဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် "ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးပမ်းကြပါစို့"ဟု ထိုနေ့က တိုက်တွန်းထားသည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းစဉ်များမှာ ပြီးဆုံးသည်ဟူ၍ ရှိနိုင်မည်မဟုတ်ချေ။ ဖွံ့ဖြိုးတိုးတက်နေသည့် ဒီမိုကရေစီနိုင်ငံကြီးများသည်ပင် စိန်ခေါ်မှုများစွာတို့ကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့နေရသည်။ ကမ္ဘာကြီးမှာ ရွာကြီးဖြစ်၍ ပြောင်းလဲဖြစ်ပေါ်လာသော စိန်ခေါ်မှုအသစ်များကို နိုင်ငံအများနှင့်ဆက်နွယ်၍ ရင်ဆိုင်ဖြေရှင်းနေကြရသည်။

ရင်ဆိုင်ကြုံတွေ့လာရသော စိန်ခေါ်မှုများစွာတို့ကို အစိုးရတစ်ရပ်တည်းနှင့် ဖြေရှင်း၍ ရနိုင်မည်မဟုတ်ချေ။ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုအားဖြင့် ဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေဆဲကာလ၌ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာန သတင်းထောက်၏ သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောကြားထားသည်။

"ကျွန်မတို့အတွက် အခြေခံကျတဲ့ အရေးအကြီးဆုံးအချက်ကတော့ ကျွန်မတို့ပြည်သူတွေအနေနဲ့ နိုင်ငံတော်အတွင်း ဒီမိုကရေစီတည်ဆောက်ရာမှာ ကျရာအခန်းကဏ္ဍကနေပြီး တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ကြရမယ်ဆိုတာကို သိရှိထားကြဖို့ပါ။ ဒီမိုကရေစီတည်ဆောက်ရေးဆိုတာ အစိုးရအဖွဲ့ရဲ့ တာဝန်မျှသာ မဟုတ်ပါဘူး။ အမှန်အတိုင်းဆိုရင် ဒီအချက်ဟာ ဆန့်ကျင်ဘက်သဘောတောင် သက်ရောက်နေပါတယ်။ ဒီမိုကရေစီလိုလားတယ်ဆိုရင် ဒီမိုကရေစီဟာ ပြည်သူအပေါ် အခြေခံတာကြောင့် ဒီမိုကရေစီစနစ် အောင်မြင်ရေးဆိုတာ အစိုးရအဖွဲ့ရဲ့ လက်ထဲမှာ လုံးလုံးလျားလျားရှိတယ်လို့ဆိုရင် လုံးဝဆန့်ကျင်ဘက်ဖြစ်နေလိမ့်မယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ပြည်သူတိုင်း ပါဝင်ဖို့လိုပါတယ်"ဟု ဒီမိုကရေစီနှင့်ပြည်သူများ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောကြားခဲ့သည်။

ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းတည်ဆောက်နေသော မျက်မှောက်ကာလ၌ မြန်မာနိုင်ငံ၏ အဓိကအလိုအပ်ဆုံးအရာမှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဖြစ်သည်။ ယင်းကို တည်ဆောက်ရာတွင် စုပေါင်းအင်အားသည် အဓိကကျသည်။ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားပြည်သူများအကြား နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခများ ငြိမ်းအေးပြေပျောက်စေရေးအတွက် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုအုတ်မြစ်ကို ပြည်သူများ၏ စုပေါင်းအင်အားဖြင့် ခိုင်မာအောင် တည်ဆောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် စုပေါင်းအင်အားမှာ အဓိကကျသောကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြည်သူအားလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပါဝင်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**



ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ယခုထက် ပိုမိုသွက်လက် ထိရောက်မြန်ဆန်စွာနှင့် အဆင့်ဆင့် ဟန်ချက်ညီညီ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ပြင်ဦးလွင်မြို့၌ ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ဆောင်ရန် ခက်ခဲနေသောအချက်များ၊ လုပ်ပိုင်ခွင့်အကန့်အသတ်များနှင့် မိမိတို့အမြင်မှ ပေးအပ်လိုသော အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနများအား ယခင်ကထက်ပိုမို၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေး စသည့် ကဏ္ဍများတွင် လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်နိုင်ရေးအတွက် လာရောက်တွေ့ဆုံဆွေးနွေးရခြင်း ဖြစ်ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနများသည် ဝန်ကြီးဌာန၏ လက်တံများသဖွယ်ဖြစ်ပြီး အဆိုပါလက်တံများအနေဖြင့် ယခုထက်ပိုမို အားကောင်းမောင်းသန်စွာဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုမှလည်း မူဝါဒ၊ မဟာဗျူဟာနှင့် ဦးတည်ရာလမ်းကြောင်းများကို ချမှတ်ပြီး လုပ်ငန်းအောင်မြင်ပြီးမြောက်မှုနှင့် ရန်ပုံငွေ သုံးစွဲနိုင်မှုတို့ကို စောင့်ကြပ်ကြည့်ရှု၍ လိုအပ်သည်များကို ယခုထက်ပိုမိုအားဖြည့် ချိတ်ဆက်ပံ့ပိုးသွားရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ဝန်ကြီးဌာန၏ပုံရိပ်ကို ထင်ဟပ်ဖော်ပြနေကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေး၊ ကျောင်းကျန်းမာရေး၊ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြားချက်များကို ခေတ်မီအောင် ပြုလုပ်ခြင်းနှင့် မလိုအပ်သည်များကို ပယ်ဖျက်ရေး၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများ၊ လူနာ၏ မိသားစုဝင်များအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာစေရေး၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများကို ဖွင့်လှစ်၍ မကူးစက်သောရောဂါနှိမ်နင်းရေး၊ အခြေခံကျန်းမာရေးဝန်ထမ်းများဖြင့် ရွေ့လျားကျန်းမာရေးဆေးခန်းများ ဖွင့်လှစ်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ် သင်ကြားရေးအဖွဲ့များကို ပြန်လည်ဖွဲ့စည်း၍ တာဝန်ခံများထားရှိရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဝန်ထမ်းရေးရာ၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀ မန္တလေး(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၈၀/၁၀၀၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၃၀/၉၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၀.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၅၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၂၂၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၃၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၀၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၆.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၆၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်ကအဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည် ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရွှေ့ဖုံးမှ

ယခုကွန်ဖရင့်၌ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုနှင့် ခရီးသွားထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့်အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဈေးကွက်မဟာဗျူဟာများနှင့်အခွန်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း နည်းပညာပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်း အရည်အသွေးမြင့်မားစေရန်အတွက် လေ့ကျင့်သင်ကြားပေးရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ရှေ့လာမည့် အနာဂတ်အလားအလာများကို သက်ဆိုင်ရာစာတမ်းရှင်များက ရှင်းလင်းတင်ပြပေးမည် ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် မည်သို့ပိုမိုတိုးတက်အောင်လုပ်ဆောင်သွားမည်ကို Round Table ဆွေးနွေးပွဲနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးအဖြေရှာသွားမည်ဟုသိရှိရပါကြောင်း၊ ဆွေးနွေးရရှိချက်များအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအတွက် ကြေညာချက်ထုတ်ပြန်မည်ဟု သိရှိရပါကြောင်း။

ထို့ကြောင့် ယနေ့ရနိုင်သော အချိန်တိုလေးအတွင်းမှ မိမိတို့၏အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများကို အကောင်းဆုံးနှင့် ထိထိမိမိ ရှင်းရှင်းလင်းလင်းပြောဆိုဆွေးနွေးကြပြီး ခရီးသွားလုပ်ငန်းကဏ္ဍကိုမည်ကဲ့သို့ အကောင်းဆုံးဖြစ်အောင် ဖန်တီးကြမည်ဆိုသည့် အမြင်နှင့် ဆွေးနွေးအဖြေရှာသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ခရီးသွားလုပ်ငန်းတစ်ခု စနစ်တကျဖွံ့ဖြိုးတိုးတက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် သက်ဆိုင်ရာခရီးစဉ်ဒေသအလိုက် Feasibility Study၊ Project Proposal၊ Brainstorming Workshop များကိုပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ညှိနှိုင်းဆွေးနွေးပြီး ရေတိုရေရှည်စီမံချက်များကို ချမှတ်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ပါက အာဆီယံဒေသကို နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုဦးရေသည် ၂၀၁၆ ခုနှစ်တွင် ၁၁၅ သန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁၂၅ သန်းရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၇ ခုနှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ လာရောက်ကြသည့် ခရီးသွားဧည့်သည်များကို ကြည့်ပါက အာဆီယံဒေသအတွင်း အပြန်အလှန်လည်ပတ်သော ခရီးသွားဧည့်သည် (Intra ASEAN Travel)က ၄၂ ရာခိုင်နှုန်းအထိရှိနေပါကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုများ ပိုမိုပြုလုပ်သင့်သည်ဟုပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသို့ ခရီးသည်အများဆုံးလာရောက်သော နိုင်ငံများကိုကြည့်ပါက အရှေ့တိုင်းနိုင်ငံများ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ပြီး အနောက်နိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီအစရှိသည့် နိုင်ငံများဖြစ်သည်ကိုတွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ယခုလိုခရီးသွားဧည့်သည် အများဆုံးလာရောက်ကြသည့် နိုင်ငံများအား အထူး Target ထားပြီး ဧည့်သည်ပိုမိုလာရောက်ရန် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာခရီးသွားပြပွဲများတွင် ပိုမိုဝင်ရောက်ပြသနိုင်ရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ပါဝင်ပြသနိုင်ရန် လုံလောက်သော ရန်ပုံငွေများရရှိရေးသည် လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရ၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဘဏ္ဍာငွေခွဲဝေချထားမှုအပိုင်းတွင် လုံလောက်စွာခွဲဝေပေးရန် အခက်အခဲရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပိုင်းကလည်း မိမိတို့ခရီးသွားလုပ်ငန်းတိုးတက်ရန် အချင်းချင်း ပူးပေါင်းညှိနှိုင်းအဖြေရှာကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားဧည့်သည်များဝင်ရောက်မှုလွယ်ကူစေရန် နည်းအမျိုးမျိုးဖြင့် ကြံဆဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ရေဆိပ်နှင့်လေဆိပ်များ၊ နယ်စပ် ဝင်၊ ထွက်ပေါက်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သကဲ့သို့ ဗီဇာစနစ်များပြင်ဆင်ခြင်း၊ ဗီဇာကြေးများလျှော့ချခြင်းနှင့် ဗီဇာကင်းလွတ်ခွင့်ပေးခြင်း စသည့် ဆွဲဆောင်မှုများဖြင့် ခရီးသွားဧည့်သည် တိုးမြှင့်လာအောင် ဆောင်ရွက်နေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောတွင် ဥရောပနိုင်ငံသားများ ဝင်ရောက်မှုနည်းသော်လည်း အာဆီယံ+၃ နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံများမှ ဧည့်သည်ဝင်ရောက်မှုပိုမိုတိုးတက်စေရန်အတွက် မျှော်မှန်းပြီး ၎င်းသုံးနိုင်ငံကို ဗီဇာစနစ်များ ဖြေလျှော့ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြစဉ်။

မိမိတို့နိုင်ငံကိုကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရန်အတွက် နိုင်ငံအတွင်း လည်ပတ်ချင်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို ကမ္ဘာက ပိုမိုထဲထဲဝင်ဝင် သိရှိလာအောင် ဈေးကွက်မြှင့်တင်မှု အများအပြားပြုလုပ်ပြီး နိုင်ငံတကာကိုပိုမိုကြော်ငြာသွားရန် လိုအပ်ပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း မိမိတို့နိုင်ငံ၏ ဟိုတယ်အခန်းခများနှင့် သယ်ယူပို့ဆောင်ရေး ဈေးနှုန်းများသည် နိုင်ငံတကာဈေးနှုန်းများထက် မပိုစေဘဲ လိုက်လျောညီထွေဖြစ်ရမည်ဖြစ်ပြီး ဧည့်သည်များပေးရသောတန်ကြေးနှင့် မိမိဘက်က ပြန်ပေးသည့်ဝန်ဆောင်မှုများသည် အမှန်တကယ်ထိုက်တန်ရန် (Value for Money) အရေးကြီးပါကြောင်း။

ပုံမှန်ဧည့်သည်ရှိပြီး ခရီးစဉ်ဒေသများကိုလည်း အရည်အသွေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်နိုင်ငံတကာအဆင့်မီဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ခရီးစဉ်အသစ်များဖော်ထုတ်သည့်နေရာတွင် မိမိတို့၏ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များအတွက် လည်ပတ်စရာများ၊ ဆွဲဆောင်မှုများနှင့် လေ့လာစရာအသစ်များ ပိုမိုများပြားလာသည်နှင့်အမျှ လည်ပတ်သောရက်ပိုကြာပြီး ငွေကြေးလည်းပိုမိုသုံးစွဲလာကြမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ်တွင် သက်ရောက်မှုများရှိသည့်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့သည် Public Private Partnership ပုံစံနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပိုမိုလိုအပ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ National Branding ကို Image ကောင်းကောင်းနှင့် ထိထိရောက်ရောက် ကြော်ငြာလုပ်ဆောင်သွားနိုင်ပါက နိုင်ငံတကာဧည့်သည်များ ပိုမိုလာရောက်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်သတင်းကိုလည်း မြှင့်တင်ကြော်ငြာပြီးဖြစ်ပါကြောင်း။

ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှုနှင့် ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံရေးကိုလည်းသတိထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးဘက်ကို ဦးစားပေးပါကလည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေနိုင်သကဲ့သို့ စီးပွားရေးကို အလေးပေးလွန်းပါကလည်း မလိုလားအပ်သောပြဿနာများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီတိုးတက်လာအောင် စီစဉ်ကြံဆပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဧည့်သည်များအပြင် ပြည်တွင်းခရီးသွားများ ပိုမိုစိတ်ချမ်းသာစွာ သွားလာနေထိုင်လည်ပတ်နိုင်ကြရန် မျှော်မှန်းပြီး လက်တွေ့ကျသည့် စနစ်တကျဆောင်ရွက်နိုင်သော အစီအမံများကို ပွင့်ပွင့်လင်းလင်းဆွေးနွေး တင်ပြကြပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် အကြံကောင်းများကိုလည်း အကြံပြုပေးကြပါဟု ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံခရီးသွားကွန်ဖရင့်-၂၀၁၈ အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်း ခင်းကျင်းပြသထားသည့် ခရီးစဉ်ဒေသမှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာ ခရီးသွားပြပွဲများတွင် ပါဝင်ပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ ကို ဆွေးနွေးပွဲ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။

ပထမအကြိမ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့် ခရီးသွားလုပ်ငန်းကို နိုင်ငံတော်၏ ဦးစားပေးစီးပွားရေးမူဝါဒတွင် ပါဝင်ရန်၊ ခရီးသွားလုပ်ငန်းကဏ္ဍ၏ အရေးပါမှုကိုပေါ်လွင်ရန်၊ မြန်မာနိုင်ငံ၏ပုံရိပ်ကိုပိုမိုမြှင့်တင်နိုင်ရန်နှင့်ရေရှည်တည်တံ့ခိုင်မြဲရန်၊ နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများ၊ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခရီးသွားလုပ်ငန်းမှ ရရှိလာမည့်အခွင့်အလမ်းများကို ပြည်သူများထံ မျှဝေခံစားနိုင်ကြရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ကြားဆဲ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ထူးချွန်ဆုများအား ပေးအပ်ချီးမြှင့်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် မလဲ့ရတီလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ တက္ကသိုလ်တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီး ၂၀၀၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီး ၁၁၃၃ ဦး စုစုပေါင်း ၁၃၃၃ ဦးနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများနှင့် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သူ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၁ ဦး ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၄၆ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







# ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကူမင်း ဇွန် ၁၂**

ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Daily Press Group အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် Director of the Information Office of the Yunnan Provincial Government H.E.Ms. Li Qian က အဖွင့်အမှာစကား ပြောကြားပြီး H.E.Mr.Yang Run,Chief Editor of Yunnan Daily Press Group က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ မီဒီယာဝန်ထမ်းများနှင့် သတင်းထောက်များကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် H.E.Mr. Long Seng က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ Mr.Xu Tiyi,president of Yunnan Daily Press Group က ယူနန် နေ့စဉ်သတင်းစာ၏ သမိုင်းကြောင်း၊ လက်ရှိ မီဒီယာလောကတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးသည်။ ထို့နောက် ယူနန်နေ့စဉ်သတင်းစာနှင့် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများ၏ မီဒီယာကဏ္ဍများကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ယူနန်နေ့စဉ်သတင်းစာမှ အယ်ဒီတာ Mr. Zhuang Ruogu က တရုတ်နိုင်ငံတွင် အွန်လိုင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မီဒီယာကဏ္ဍ၏ စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးပြီး ယူနန်နေ့စဉ်သတင်းစာမှ ဓာတ်ပုံအယ်ဒီတာ Mr.Li Wenjun က မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ အင်တာဗျူးခြင်း၊ အသံဖမ်းခြင်းနှင့် ဒရုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်းများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ မီဒီယာသမား လေးဦး၊ လာအိုနိုင်ငံမှ မီဒီယာသမား လေးဦး၊ မြန်မာနိုင်ငံမှ မီဒီယာသမား သုံးဦးနှင့် ထိုင်းနိုင်ငံမှ မီဒီယာသမား လေးဦးတို့ တက်ရောက်ကြသည်။ **အေဝမ်းစိုး၊ မျိုးသူဟိန်း**

# ကုန်ပစ္စည်းမျိုးစုံ သိမ်းဆည်းထားနိုင်သည့် သိုလှောင်ရုံ သီလဝါ၌ ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် Ryobi Myanmar Distribution ကုမ္ပဏီလီမိတက်မှ တည်ဆောက်ထားသော Frozen, Chilled, Aircon, Dry စသည်ဖြင့် အပူချိန်အမျိုးမျိုး ထောက်ပံ့ပေးနိုင်ပြီး ကုန်ပစ္စည်းမျိုးစုံ သိမ်းဆည်းထားနိုင်သည့် သိုလှောင်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်ရှိ အဆိုပါ သိုလှောင်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သောင်းက သီလဝါအထူးစီးပွားရေးဇုန်တွင် ယခုလို ပစ္စည်းသိုလှောင်ရုံကြီး ပေါ်ပေါက်လာခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု၊ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုပါ အများကြီးအထောက်အကူပြုမည်ဆိုသည်မှာ ယုံကြည်ပါကြောင်း ပြောကြားသည်။

“ကုန်ပစ္စည်းတွေကို လိုအပ်သလို အသုံးချနိုင်ဖို့၊ သိုလှောင်နိုင်ဖို့ ဒီလို ကုန်ပစ္စည်းသိုလှောင်ရုံကြီး တည်ဆောက်နိုင်တာဟာ ထောက်ပံ့ပို့ဆောင်ရေးကို အများကြီး အထောက်အကူပြုခြင်းဖြစ်ပါတယ်၊ ကုန်ပစ္စည်းတွေဟာ အမျိုးမျိုးရှိတဲ့အတွက်ကြောင့် ထိန်းသိမ်းတဲ့အခါမှာ လိုအပ်တဲ့ အပူချိန်တွေကို လိုအပ်တဲ့ အအေးဒီဂရီနဲ့ ထိန်းသိမ်းနိုင်ပြီး ပို့ပေးနိုင်မယ်ဆိုရင် ထုတ်လုပ်တဲ့ပစ္စည်းဟာ အရည်အသွေးကောင်းမွန်စွာနဲ့ စားသုံးသူလက်ထဲကို ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်”ဟု ဝန်ကြီးက ဆက်လက်ပြောသည်။

အဆိုပါကုန်လှောင်ရုံကို အပူချိန်နှင့် စိုထိုင်းဆပြုပြင်ပြောင်းလဲမှုများ၊ ဖုန်နှင့်အမှိုက်များ၊ ပိုးမွှားနှင့်ကြွက်များ ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်သည့် စနစ်များဖြင့် တည်ဆောက်ထားကြောင်း၊ လယ်ယာထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ တန်ဖိုးမြင့်ဇိမ်ခံပစ္စည်းများ စသည်ဖြင့် ကုန်ပစ္စည်းမျိုးစုံ သိုလှောင်နိုင်ကြောင်း သိရသည်။

“မြန်မာတစ်နိုင်ငံလုံးတင်မကဘဲ တစ်ကမ္ဘာလုံးနဲ့ တိုက်ရိုက်အလုပ်လုပ်လို့ရတဲ့ ကုန်လှောင်ရုံစနစ်ကို စတင်လုပ်တာဖြစ်ပါတယ်၊ သဘာဝပတ်ဝန်းကျင်အတွက် သင့်တော်တဲ့ နောက်ဆုံးပေါ် လေအေးပေးစနစ်ကို ထည့်သွင်းအသုံးပြုထားပါတယ်၊ အဲဒီစနစ်က မြန်မာနိုင်ငံမှာ ပထမဆုံးအသုံးပြုတဲ့စနစ် ဖြစ်ပါတယ်၊ ဒီသိုလှောင်ရုံမှာ မီးပျက်ရင်လည်း ၄၈ နာရီ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်တဲ့စနစ်ပါတယ်”ဟု အဆိုပါကုမ္ပဏီ၏ ဥက္ကဋ္ဌ Mr. Mitsunobu Kojima က ပြောသည်။

အဆိုပါသိုလှောင်ရုံအား အမေရိကန်ဒေါ်လာ ၂၆ သန်း အကုန်အကျခံတည်ဆောက်ထားပြီး ဂျပန်ကုမ္ပဏီဖြစ်သည့် Ryobi Myanmar Distribution ကုမ္ပဏီလီမိတက်မှ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း၊ အကျယ်အဝန်းမှာ ၃၈၀၀၀ စတုရန်းမီတာ ကျယ်ဝန်းကာ အားဖြည့်ကွန်ကရစ် စတီးပေါင် နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်၊ အေးမင်းသူ**




# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်း ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ ဇွန် ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် ဖြစ်ပေါ်လာမည့်အန္တရာယ်များ သိရှိစေရန်အတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇွန် ၁၂ ရက်က ဒေါင်းရပ်အရှေ့ အမကကျောင်းနှင့် ဒေါင်းရပ်အနောက် အလက(ခွဲ) ကျောင်းတို့တွင် ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နံရံကပ်စာစောင်များ ပြသပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မိသူဇာက မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်နှင့် သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးလက္ခဏာများအား ပြောကြားသည်။

စာကြည့်တိုက် လက်ထောက်-(၃) ဦးကျော်ကျော်အောင်က ကျောင်းသားကျောင်းသူများအား အထွေထွေဗဟုသုတနှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပထမအကြိမ် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၂) လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကလေးအလုပ်သမားအဆုံးသတ်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ကလေးအလုပ်သမားနှင့် ပတ်သက်သည့် နိုင်ငံတွင်းဥပဒေမူဘောင်များနှင့်ပတ်သက်၍ လည်းကောင်း၊ လူရွယ်အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် အစီရင်ခံစာတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေကြမ်းတို့အား လွှတ်တော်က သဘောတူ

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

## အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အခွန်အကောက်ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည့် စကားရပ်တွင် ပြည်ထောင်စုအခွန်အကောက်ဥပဒေ နောက်ဆက်တွဲဇယားပါ အခွန်အကောက်အားလုံးနှင့် အကောက်အခွန်တို့တွင် ပါဝင်သည်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ အခွန်အကောက်နှင့် စပ်လျဉ်းသည့် အယူခံကိစ္စရပ်များကို ယခုဥပဒေအရ ဆောင်ရွက်ရမည်၊ ယင်းသို့ ဆောင်ရွက်ရာတွင် ခုံအဖွဲ့သည် အခွန်အကောက်ဆိုင်ရာအယူခံခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဟု ဖော်ညွှန်းထားသည့်အပြင် အခွန်အကောက်နှင့် စပ်လျဉ်းသည့် အယူခံကိစ္စရပ်များ အခွန်အကောက်ဆိုင်ရာ အယူခံခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေဟုဆိုထားသည့်အတွက် ယခုဥပဒေ၏ ခေါင်းစဉ်နှင့် အမည်ကို အခွန်အကောက်အယူခံခုံအဖွဲ့ဥပဒေဟု အစားထိုးပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းက ဥပဒေတွင် အဖွဲ့၏ သက်တမ်းကို ငါးနှစ်အစား သုံးနှစ်ဟု ပြင်ဆင်လိုပါကြောင်း၊ ယင်းမှာ အစိုးရ အကူးအပြောင်းတွင် ပြင်ဆင်စရာရှိပါက ပြင်ဆင်နိုင်ရန် သက်တမ်းကုန်သည် အထိ စောင့်စရာမလိုစေရန်အတွက် ဖြစ်ပါကြောင်း၊ တစ်လတစ်ခါ အဖွဲ့ဝင်များ အားလုံးပါဝင်သည့် စုံခုံအစည်းအဝေး ကျင်းပရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ အမှုတွဲလေ့လာသုံးသပ်ပြီး ကြားနာမည့် ရက်၊ အချိန်၊ နေရာ ခုံအဖွဲ့ကို ရက် ၃၀ အတွင်း သတ်မှတ်ရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ အမှုကို စတင်ကြားနာသည့်နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း အပြီးသတ်စီရင်ချက်ချမှတ်ရမည်ဆိုသည့်အချက်ကို ထည့်သွင်းလိုပါကြောင်း၊ ကြားနာမှုအားလုံးကို ဗီဒီယိုနှင့် မှတ်တမ်းတင်ထားလိုသည်ဆိုသည့် အချက်ကိုလည်း ဖြည့်စွက်လိုပါကြောင်း၊ အမှုဆုံးဖြတ်ချက်ချမည့်ရက်ကိုလည်း အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာရမည်ဆိုသည့် အချက်ကိုလည်း ထည့်သွင်းလိုပါကြောင်း၊ ထို့ပြင် ဥက္ကဋ္ဌသည် အခွန်နှစ်တစ်နှစ် ပြီးဆုံးသည့်အခါတိုင်း လုပ်ဆောင်ကြားနာခဲ့သည့် အမှုများနှင့် ပတ်သက်ပြီး ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြပြီး ထိုမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ထိုအစီရင်ခံစာကို ထုတ်ပြန်ကြေညာပြီး အွန်လိုင်းစာမျက်နှာတွင်ပါ ဖော်ပြရမည်ဆိုသည့် အချက်ကို ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးကလည်း ဆွေးနွေးခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များထဲတွင် ပြင်ဆင်ချက်များနှင့် အသစ်ဖြည့်စွက်ချက်များ ပါဝင်နေသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် လိုအပ်ပါက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အပါအဝင် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ထပ်မံဆွေးနွေးကာ ပိုမိုကောင်းမွန်သည့် ပြင်ဆင်ချက်များ ရရှိနိုင်အောင် ညှိနှိုင်းဆောင်ရွက်ကြပြီး ဥပဒေကြမ်းကော်မတီက လိုအပ်ပါက ထပ်မံရှင်းလင်းတင်ပြခြင်း၊ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခြင်းကို လာမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ အတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ ဆွေးနွေး

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ကမ္ဘာပေါ်တွင် လူသားအရင်းအမြစ်ကို အခြေပြုသည့်ဖွံ့ဖြိုးတိုးတက်ခြင်းမှာ ရေရှည်တည်တံ့ခိုင်မြဲပြီး အစဉ်ပြောင်းလဲနေသည့် ပြင်ပ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိသည်ကို တွေ့ရပါကြောင်း၊ အလားတူ မိမိတို့မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုနှင့် ခံနိုင်ရည်ရှိသည့် လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ် တည်ထောင်ရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရန် အရေးတကြီး လိုအပ်နေကြောင်း။

ပညာရေးစနစ်တစ်ခုတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာများ အရေးကြီးသကဲ့သို့ ကျွမ်းကျင်ပြီး ထုတ်လုပ်အားကောင်းသည့် လုပ်သားထုရှိရန် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍမှာလည်း အရေးကြီးသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားပညာရေးကော်မရှင်က နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးလာအောင် ပညာရေးဝန်ကြီးဌာနအား ရွေးချယ်ဆောင်ရွက်နိုင်မည့် မူဝါဒဆိုင်ရာနည်းလမ်း လေးရပ်ကို အကြံပြုထားပါကြောင်း။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ပုဂ္ဂလိကကျောင်းများ အစွမ်းကုန်ပါဝင်လာနိုင်ရန် အစိုးရမှ မူဝါဒချမှတ်ပြီး မြေတောင်မြှောက်သင့်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရပ်ကဏ္ဍ ရေရှည်ဖွံ့ဖြိုးရန် အစဉ်သဖြင့် ပြောင်းလဲနေသည့် လုပ်ငန်းခွင်လိုအပ်ချက်၊ ပြင်ပ ပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေရှိရန် လိုအပ်ပါကြောင်း။

နည်းပညာနှင့် သက်မွေးပညာ မူဝါဒများချမှတ်ရာတွင် အကျိုးဝင်သက်ဆိုင်ကြသည့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် အဖွဲ့အစည်းများ၊ လုပ်ငန်းခွင်မှ ကျွမ်းကျင်ပညာရှင်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများအားလုံး ပါဝင်စေသင့်ပါကြောင်း။

## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးရန် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဖွံ့ဖြိုးရန် ပညာရေးဝန်ကြီးဌာနအောက်မှ သင်တန်းကျောင်းများကိုသာ အာရုံစိုက်ခြင်းထက် အခြားဝန်ကြီးဌာန အသီးသီးအောက်တွင် တည်ရှိသည့် အမျိုးမျိုးသော နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းများအားလုံးကိုပါ ပြန်လည်ရှင်သန်လာအောင် ကျောင်းများ၏ မြေ၊ ကျောင်းအဆောက်အအုံကို အရင်းအနှီးပြုပြီး ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကျောင်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ပါကြောင်း။

ထို့အပြင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ ကျွမ်းကျင်မှုလက်မှတ်ချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ်များကို အနည်းဆုံး ဒေသတွင်းစံများနှင့် ပြည့်မီစေခြင်းအားဖြင့် ASEAN MRA တွင်ပါဝင်သည့် အာဆီယံနိုင်ငံအချင်းချင်း ချုပ်ဆိုထားသည့် ကျွမ်းကျင်မှုဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်း အစီအစဉ်များနှင့် ကိုက်ညီစေခြင်းသည် လူငယ်ထုအတွက် နည်းပညာနှင့် သက်မွေးပညာ သင်ကြားရန် တွန်းအားတစ်ခုဖြစ်စေမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ဆောင်ရွက်ချက်များကိုကြည့်ပါက ပါမောက္ခချုပ်ကော်မတီ ဖွဲ့စည်းခြင်း၊ အခြေခံအထက်တန်းကျောင်းအဆင့်တွင် သင်္ချာနှင့် သိပ္ပံဘာသာရပ်များအတွက် သင်ကြားမှု ဘာသာစကားသတ်မှတ်အသုံးပြုနိုင်ရေး မူဝါဒ၊ အခြေခံပညာသင်ယူမှုအခြေအနေ လေ့လာဆန်းစစ်ချက်၊ အခြေခံပညာ ကျောင်းများတွင် သက်မွေးပညာဘာသာရပ်များကို သင်ကြားပို့ချရေးဆိုင်ရာ မူဝါဒအကြံပြုစာတမ်း၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရများ ပိုမိုမွေးထုတ်ပေးရေးအတွက် အကြံပြုစာတမ်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနအောက်တွင်ရှိသော အဆင့်မြင့်ပညာကျောင်းများရှိ ဆရာ ဆရာမများ ကျောင်းရွှေ့ပြောင်းတာဝန်ထမ်းဆောင်ခြင်း သုတေသနစာတမ်း၊ တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်များကို အကြံပြုတင်ပြခြင်းနှင့် သုတေသန လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများရေးဆွဲခြင်းစသည့် လုပ်ငန်းစဉ် ခုနစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့သည်ဟု ဖော်ပြပါရှိပါကြောင်း။

## နိုင်ငံတကာနှင့် စီးပွားရေးအရ ရင်ပေါင်တန်းနိုင်စေရန် စီးပွားရေးပညာဘွဲ့ရများ အမြောက်အမြား လိုအပ်နေ

ကော်မရှင်၏ အကြံပြုချက်များထဲမှ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် စိုက်ပျိုးရေးမဟာဌာနကြီးများ ဖွင့်လှစ်သင်ကြားပို့ချခြင်း ဆိုသည့် အချက်ကို အမြန်ဆုံး အကောင်အထည်ဖော်သင့်ပါကြောင်း၊ ကော်မရှင်အား အကြံပြုတင်ပြလိုသည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်ကို အရှိန်အဟုန်မပျက် နိုင်ငံတကာနှင့် စီးပွားရေးအရ ရင်ပေါင်တန်းနိုင်စေရန် စီးပွားရေးပညာဘွဲ့ရများ အမြောက်အမြား လိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ အခြေခံအဆောက်အအုံများနှင့် ပြည့်စုံသော မန္တလေးနှင့် ရန်ကုန်တက္ကသိုလ်ကြီးတို့တွင် စီးပွားရေးပညာမဟာဌာနကြီးများ ဖွင့်လှစ်သင်ကြားနိုင်စေရန်အတွက် လေ့လာသုံးသပ်အကြံပြုတင်ပြပေးစေလိုကြောင်း ဆွေးနွေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာတင်တင်ဝင်းတို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ မွေးကြူဇင်(သတင်းစဉ်)**

## ဇွန်လထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင် ဆန်းသစ်ဝေဆာစွာ ထွက်ပြီ

**နေပြည်တော် ဇွန် ၁၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံး ဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဇွန်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။




**ကြေးမုံ**

# ရှန်ဂရီလာသို့ တစ်ခေါက်

**ရှန်ဂရီလာဒိုင်ယာလော့ခ် (Shangri-La Dialogue) ဟု လူသိများသည့် အာရှလုံခြုံရေးဆိုင်ရာအကြီးအကဲများ ဆွေးနွေးပွဲ (Asia Security Summit) ကို စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်တွင် ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ပါသည်။ ယခုနှစ်ကျင်းပသည့် ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲသည် မြန်မာနိုင်ငံအတွက် ပိုမိုထူးခြားစွာ အရေးပါသည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ခဲ့သဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။**

မျိုး(IR)

### ရှန်ဂရီလာဒိုင်ယာလော့ခ်အကြောင်း တစေ့တစောင်း

ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံအစိုးရနှင့် လန်ဒန်မြို့အခြေစိုက် နိုင်ငံတကာမဟာဗျူဟာလေ့လာရေးအဖွဲ့ (International Institute for Strategic Studies - IISS) တို့ ပူးပေါင်း၍ ၂၀၀၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပါသည်။

ဒေသတွင်းနိုင်ငံများရှိ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဝန်ကြီးများ၊ အရပ်ဘက်နှင့် စစ်ဘက်အဖွဲ့အစည်းများမှ အကြီးအကဲများ တွေ့ဆုံ၍ ရင်းနှီးခင်မင်မှု၊ ယုံကြည်မှုတည်ဆောက်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ် ကျင်းပခြင်းဖြစ်ပါသည်။ ယခုနှစ် ဆွေးနွေးပွဲမှာ (၁၇)ကြိမ်မြောက် ကျင်းပခြင်း ဖြစ်ပါသည်။

နှစ်စဉ် ရှန်ဂရီလာဟိုတယ်တွင် ကျင်းပခြင်းကို အစွဲပြု၍ ရှန်ဂရီလာ ဒိုင်ယာလော့ခ်ဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

### ရှန်ဂရီလာဒိုင်ယာလော့ခ်တွင် ဆွေးနွေးသည့်ပုံစံများ

ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲဖွင့်ပွဲကို ညစာစားပွဲဖြင့် ကျင်းပဖွင့်လှစ်လေ့ရှိပြီး ယင်းအခမ်းအနားတွင် မဟာဗျူဟာလေ့လာရေးအဖွဲ့ အကြီးအကဲဖြစ်သူ ဒေါက်တာဂျွန်ချစ်ပ်မန်းက အဖွင့်အမှာစကား ပြောကြား၍ အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးက အဖွင့်မိန့်ခွန်း ပြောကြားလေ့ရှိပါသည်။ အဖွင့်မိန့်ခွန်းတွင် ယင်းနိုင်ငံ၏ လုံခြုံရေးဆိုင်ရာမူဝါဒကို အကျယ်တဝင့် ထည့်သွင်းပြောကြားလေ့ရှိ သည်မှာလည်း ရှန်ဂရီလာ ဒိုင်ယာလော့ခ်၏ လက္ခဏာတစ်ရပ်အဖြစ် တွေ့မြင်နိုင်ပါသည်။

လတ်တလောနှစ်များက ကျင်းပခဲ့သည့် ရှန်ဂရီလာဒိုင်ယာလော့ခ် ဆွေးနွေးပွဲများကို လေ့လာကြည့်ရာ ၂၀၁၃ ခုနှစ်တွင် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ ၂၀၁၄ ခုနှစ်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ၂၀၁၅ ခုနှစ်တွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ ၂၀၁၆ ခုနှစ်တွင် ထိုင်းဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ၊ ၂၀၁၇ ခုနှစ်တွင် ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘဲလ် တို့က အဖွင့်မိန့်ခွန်းများ အသီးသီးပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

ဆွေးနွေးပွဲ နောက်တစ်နေ့ နံနက်ပိုင်းတွင် မဟာဗျူဟာလေ့လာရေးအဖွဲ့ အကြီးအကဲက အမှာစကားပြောကြားပြီးနောက် ဆွေးနွေးမှုများကို စတင်လေ့ရှိပါသည်။

ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲများတွင် အရေးကြီး ကျယ်ပြန့်သည့် ဒေသတွင်းလုံခြုံရေးဆိုင်ရာဖြစ်စဉ်များကို ခေါင်းစဉ် ငါးခုဖြင့် ခွဲ၍ စုံညီဆွေးနွေးပွဲကဏ္ဍ (Plenary Session)ပုံစံဖြင့် ကျင်းပပြီး ကိုယ်စားလှယ်များအားလုံး တက်ရောက်ဆွေးနွေးလေ့ရှိပါသည်။ အဆိုပါ စုံညီဆွေးနွေးပွဲများတွင် နိုင်ငံအချို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်အချို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် အဖွင့်မိန့်ခွန်းပြောကြားကြပြီး ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းတို့ ပြုလုပ်ကြပါသည်။ နှစ်စဉ် ပထမ Plenary Session တိုင်းတွင် အမေရိကန်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးက မိန့်ခွန်းပြောကြားလေ့ရှိသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ဒေသတွင်း လတ်တလောဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာ အရေးကြီးကိစ္စရပ်အချို့ကိုမူ အထူးဆွေးနွေးပွဲကဏ္ဍ (Special Session) ပုံစံဖြင့် ကျင်းပဆွေးနွေးကြပါသည်။ ယင်းအထူးဆွေးနွေးပွဲများတွင် ဝန်ကြီး အဆင့်သို့မဟုတ် အဆင့်မြင့်ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ သုတေသီများ စုစုပေါင်း လေး၊ ငါးဦးခန့်က ဦးဆောင်ဆွေးနွေး၍ တက်ရောက်လာသည့် စိတ်ဝင်စားသူ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ၎င်းတို့၏ အမြင်များကို ရှုထောင့်အသီးသီးမှ အသေးစိတ် အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြပါသည်။

ဆွေးနွေးပွဲကာလအတွင်း တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးပွဲပြင်ပတွင် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ၊ နိုင်ငံစုံအဆင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်လေ့ရှိပါသည်။

### ၂၀၁၈ ရှန်ဂရီလာဒိုင်ယာလော့ခ်

ယခုနှစ် ရှန်ဂရီလာဒိုင်ယာလော့ခ် ဖွင့်ပွဲညစာစားပွဲကို ၁-၆-၂၀၁၈ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ရာ ယခင်နှစ်များနည်းတူ မဟာဗျူဟာလေ့လာရေးအဖွဲ့ အကြီးအကဲက အဖွင့်အမှာစကားပြောကြားပြီးနောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

ယခုနှစ်ဆွေးနွေးပွဲတွင် အင်ဒို-ပစိဖိတ်ဒေသလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် အမေရိကန်၏ ဦးဆောင်မှုအခန်းကဏ္ဍ၊ မြောက်ကိုရီးယားအရေးကိစ္စ၊ အာရှဒေသလုံခြုံရေးဆိုင်ရာဖြစ်စဉ်၊ အကြမ်းဖက်မှုပြဿနာနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စသည့် ခေါင်းစဉ် ငါးခုကို စုံညီဆွေးနွေးပွဲကဏ္ဍတွင် ဆွေးနွေးခဲ့ပါသည်။

ထို့ပြင် ခေတ်သစ်နည်းပညာမဟာဗျူဟာနှင့် အနာဂတ်ပဋိပက္ခ၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာ၊ အိန္ဒိယသမုဒ္ဒရာ ဒေသတွင်း ပြိုင်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အာရှ-ပစိဖိတ်ဒေသ စစ်ရေးအင်အားနှင့် အကျိုးသက်ရောက်မှုများ၊ ဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အင်အားပြိုင်ဆိုင်မှု စသည့် ခေါင်းစဉ် ခြောက်ခုတို့ကို အထူးဆွေးနွေးပွဲကဏ္ဍတွင် တစ်ပြိုင်နက် ဆွေးနွေးခဲ့ပါသည်။

ယခုနှစ်ဆွေးနွေးခဲ့သည့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အင်ဒို-ပစိဖိတ်ဒေသ မဟာဗျူဟာနှင့် အာဆီယံဒေသတွင်း အကြမ်းဖက်မှုအန္တရာယ် မြင့်မားလာခြင်းတို့က အဓိကနေရာယူခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက် ညနေပိုင်းတွင် ကျင်းပခဲ့သည့် ဖွင့်ပွဲညစာစားပွဲ၌ ပြောကြားခဲ့သော အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာ၏ အဖွင့်မိန့်ခွန်းတွင်လည်းကောင်း၊ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်၏ ဆွေးနွေးပွဲ ပထမ Plenary Session တွင် ပြောကြားသည့် မိန့်ခွန်းတွင်လည်းကောင်း အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့်ပတ်သက်၍ အကျယ်တဝင့် ပြောကြားခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။

ယခုနှစ် ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များနှင့် အကြီးအကဲများ၊ အရပ်ဘက်နှင့် စစ်ဘက် အဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းများမှ သုတေသီများ၊

> **“လူပေါင်းမြောက်မြားစွာ နေရပ်စွန့်ခွာသွားခြင်း၏ အကြောင်းရင်းဖြစ်သည့် ARSA ဟုခေါ်သော အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်သတ်ဖြတ်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ ခြိမ်းခြောက်မှုများ၊ နေရပ်စွန့်ခွာသွားသူများအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ခြင်း မှန်ကန်ပါက ပြန်လည်လက်ခံရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူညီထားမှုများ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့”**

သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များ စုစုပေါင်း ၅၆၀ ခန့် တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေဖြင့် တက်ရောက်ခဲ့ပြီး ယင်းကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်စိုးနိုင်ဦးလည်း ပါဝင်ခဲ့ပါသည်။

### ယခုနှစ် ရှန်ဂရီလာ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ထူးခြားချက်

ယခုနှစ် ကျင်းပသည့် ရှန်ဂရီလာဒိုင်ယာလော့ခ်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အထူးစိတ်ဝင်စားလျက်ရှိပြီး ဆွေးနွေးပွဲတွင်လည်း အထူးအလေးထားဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါသည်။ ၂-၆-၂၀၁၈ ရက်နေ့မွန်းလွဲပိုင်းတွင် “မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာ” (The security and humanitarian crisis in Myanmar’s Rakhine State) ခေါင်းစဉ်ဖြင့် ကျင်းပသော အထူးဆွေးနွေးပွဲ၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ရန် ဖိတ်ကြားခဲ့ပါသည်။

ယင်းအထူးဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Peter Maurer၊ ဥရောပသမဂ္ဂ (EU)မှ နိုင်ငံတကာရေးရာ ဒုတိယအတွင်းရေးမှူးချုပ် Jean-Christophe Belliard တို့က အဓိကဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆွေးနွေးခဲ့ပြီး မဟာဗျူဟာလေ့လာရေးအဖွဲ့မှ အဆင့်မြင့်အကြံပေးပညာရှင်ဖြစ်သူ Sarah Raine က moderator အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Forces Intelligence ညွှန်ကြားရေးမှူးချုပ် Maj.Gen Md Saiful Abedin က ဆွေးနွေးပွဲစတင်ရန် မိနစ်ပိုင်းအလိုတွင် ကျန်းမာရေးကြောင့် တက်ရောက်ဆွေးနွေးခြင်းမပြုနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မတူညီသည့် လူ့အသိုက်အဝန်းများအကြား သဟဇာတဖြစ်စွာဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ ကိုဖီအာနန်ကော်မရှင်၏အကြံပြုချက်များကို အကောင်အထည်ဖော်နေမှုများ၊ လူပေါင်းမြောက်မြားစွာ နေရပ်စွန့်ခွာသွားခြင်း၏ အကြောင်းရင်းဖြစ်သည့် ARSA ဟုခေါ်သော အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်သတ်ဖြတ်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ ခြိမ်းခြောက်မှုများ၊ နေရပ်စွန့်ခွာသွားသူများအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ခြင်း မှန်ကန်ပါက ပြန်လည်လက်ခံရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူညီထားမှုများ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုက္ခသည်များအား အသုံးချ၍ အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာခြင်းမရှိစေရန်နှင့် အကြမ်းဖက်မှု ကာကွယ်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ယင်းဆွေးနွေးပွဲသို့ နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ပညာရှင်သုတေသီများ၊ မီဒီယာများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ကျော် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များတွင် အဓိကပါရှိချက်များမှာ ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်သည့် အဖြစ်အပျက်မှာ နှစ်မျိုး ကွဲပြားနေကြောင်း၊ နိုင်ငံတကာသတင်းမီဒီယာများ၊ လူ့အခွင့်အရေးအဖွဲ့များ၊ NGOs များနှင့် အဖွဲ့အစည်းများမှ ကြားသိချက်များမှာ ယခုမြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြောကြားချက်များနှင့် ကွဲပြားနေကြောင်း၊ ARSA အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကာကွယ်တုံ့ပြန်ရာတွင် အင်အားအလွန်အကျွံ သုံးခဲ့ခြင်း၊ နေအိမ်များ၊ ရွာများအား မီးရှို့ခဲ့ခြင်းကြောင့် လူပေါင်းများစွာ နေရပ်စွန့်ခွာသွားခဲ့ရသည်ဟု သိရှိထားခဲ့ကြောင်းနှင့် ရခိုင်အရေးကိစ္စကို လူသားချင်းစာနာမှုရှုထောင့်မှကြည့်၍ Responsibility to Protect (R2P) အယူအဆအောက်တွင် အကျုံးဝင်နိုင်မှု ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်သို့ မီဒီယာသမားများအား အကန့်အသတ်မရှိ သွားရောက်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ၊ အသစ်ဖွဲ့စည်းမည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အကြမ်းဖက်သမားများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် ရှိ၊ မရှိတို့ကို မေးမြန်းဆွေးနွေးခဲ့ပါသည်။ တက်ရောက်လာသူအချို့မှာ အခြေအနေမှန်ကို သိရှိထားသော်လည်း အချို့ကမူ မမှန်မကန်ဝါဒဖြန့်ချိထားသည့် သတင်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ တစ်ဖက်သတ်ရေးသားပြောဆိုမှုများကိုသာ သိရှိထားခဲ့သဖြင့် ယခုဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားချက်များမှ အခြေအနေမှန်များကို သိရှိနားလည်သဘောပေါက်ခဲ့ကြောင်းကိုလည်း ပြောကြားခဲ့ကြပါသည်။

ယခုနှစ် ဆွေးနွေးပွဲတွင် တက်ရောက်လာသည့် အကြီးအကဲများကလည်း ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ စိတ်ဝင်စားမှုများ ပြသခဲ့ကြပါသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးက အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဝန်ကြီးများအား ဖိတ်ကြားကာ အင်ဒို-ပစိဖိတ် မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းရာ၌ မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပေါ်တိုးတက်မှုနှစ်ရပ်ဖြစ်သည့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်သည့်ကိစ္စ၊ လွတ်လပ်သည့် စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်မည့်ကိစ္စတို့အပေါ် ကြိုဆိုကြောင်း၊ အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးကလည်း အာရှဒေသ၌ ဖြစ်ပေါ်တိုးတက်မည့် လုံခြုံရေးဖြစ်စဉ်ခေါင်းစဉ်ဖြင့် ပြောကြားသည့် မိန့်ခွန်းတွင် နေရပ်စွန့်ခွာသူ ဒုက္ခသည်များအား အကြမ်းဖက်သမားများက အင်အား စုဆောင်းရာတွင် အသုံးချနိုင်သည့် အန္တရာယ်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

စာမျက်နှာ ၉ သို့

# လူမျိုးတစ်မျိုး၊ နိုင်ငံနှစ်ခု ပေါင်းစည်းမှု အစပြုပြီလော

**■ ဂျင်မီ**

၂၀၁၈ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ဟာ ကမ္ဘာ့ပြည်သူတွေအတွက် စိတ်လှုပ်ရှားစရာနေ့တစ်နေ့ဖြစ်သလို သမိုင်းဝင် နေ့တစ်နေ့လည်း ဖြစ်သွားခဲ့ပါပြီ။ အထူးသဖြင့် တောင်မြောက်ကိုရီးယားပြည်သူတွေအတွက် မျှော်လင့်ချက်တွေ ပိုပြီးအားကောင်းလာစေတဲ့နေ့ဖြစ်ပါတယ်။ အကြောင်းကတော့ စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းပေါ်က ကာပယ်လာဟိုတယ်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့အကြား အံ့သြစရာကောင်းလောက်တဲ့ သဘောတူညီချက်တွေ လက်မှတ်ရေးထိုးနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒီသဘောတူညီချက်ကို ကြည့်မယ်ဆိုရင် အမေရိကန်နဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ငြိမ်းချမ်းရေး၊ ချမ်းသာကြွယ်ဝရေးအတွက် နှစ်နိုင်ငံအကြား ဆက်ဆံရေးအသစ်ကို ထူထောင်မယ့်အကြောင်း၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရာမှာ နှစ်နိုင်ငံ ပူးပေါင်းအားထုတ်ကြမယ့်အကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့တဲ့ ပန်မွန်ဂျုံကြေညာချက်မှာ ဖော်ပြထားတဲ့အတိုင်း ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားလက်နက် လုံးဝဖျက်သိမ်းရေးအထိ ဆောင်ရွက်ပါမည်ဟူသော မြောက်ကိုရီးယား၏ ကတိကဝတ်ကို ထပ်မံအတည်ပြုတဲ့အကြောင်းနဲ့ စစ်ပွဲကာလအတွင်းက မြောက်ကိုရီးယားမှာ ကြွင်းကျန်နေခဲ့တဲ့ စစ်သုံ့ပန်းနှင့် ပျောက်ဆုံးစစ်သည်များကို ပြန်လည်ရှာဖွေပြီး မှန်ကန်ကြောင်း စိစစ်ပြီးသူများကို အမေရိကန်သို့ ပြန်လည်ပို့ဆောင်ပေးမယ့်အကြောင်းတွေ ပါဝင်ပါတယ်။ ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ဟာ အကြိမ်ကြိမ် ထပ်ပြီးတွေ့ကြဦးမယ်လို့ဆိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီထိပ်သီးအစည်းအဝေးမတိုင်ခင်က နိုင်ငံရေးဝေဖန်သူတွေကြားမှာ တစ်ကြိမ်တည်းနဲ့ ရပ်သွားရင်တော့ အခြေအနေတွေ ပိုဆိုးလာနိုင်စရာရှိတယ်လို့ သုံးသပ်ရင်း စိုးရိမ်စိတ်တွေ ရှိခဲ့ကြပါတယ်။ အခုတော့ နောက်ဆုံးထွက်ပေါ်လာတဲ့ ရလဒ်ကိုကြည့်ပြီး သက်ပြင်းချ ပီတိဖြစ်ခဲ့ကြပါတယ်။

### ပြန်လည်သင့်မြတ်ရေးကို ကြိုးစားခဲ့ကြ

တကယ်တော့ ဒီလိုရလဒ်ကောင်းတွေ ပေါ်ထွက်လာဖို့အတွက် တောင်ကိုရီးယားပြည်သူနဲ့ အစိုးရများရဲ့ စိတ်ရှည်လက်ရှည်၊ တစိုက်မတ်မတ် ကြိုးစားခဲ့ကြတာကြောင့်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၂၇ ရက်နေ့က တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့နှစ်ယောက်ဟာ ပန်မွန်ဂျုံစစ်မဲ့ဇုန်မှာ တွေ့ဆုံခဲ့ကြပါတယ်။ သူတို့ရဲ့ တွေ့ဆုံမှုဟာ ရင်းနှီးနွေးထွေးလှပြီး ကိုရီးယားပြည်သူတွေနဲ့တကွ တစ်ကမ္ဘာလုံးက မြင်တွေ့ချင်နေတဲ့ မြင်ကွင်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယား လုံးဝဖျက်သိမ်းရေးသဘောတူညီချက်ပါဝင်တဲ့ကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်နိုင်ခဲ့တာကြောင့် လက်ရှိတောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းရဲ့ ချဉ်းကပ်မှု နည်းလမ်းမှန်ကန်ပြီး အချိန်အခါလည်း ကျရောက်လာပြီလို့ မှတ်ချက်ချနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲနွမ်းပါးပြီး ကမ္ဘာ့အပယ်ခံ၊ နျူကလီးယားလက်နက်ပိုင်ရှင် မြောက်ကိုရီးယားအစိုးရကို ကြွယ်ဝ၊ ချမ်းသာလာတဲ့ တောင်ကိုရီးယားပြည်သူနဲ့ အစိုးရအဆက်ဆက်ဟာ စိတ်ရှည်ပျော့ပျောင်းတဲ့ နည်းလမ်းကို နှစ်ပေါင်းများစွာ ကိုင်စွဲပြီး ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေးကို ကြိုးစားခဲ့ကြပါတယ်။ တောင်ကိုရီးယား သမ္မတဟောင်း ကင်ဒေးဂျုံရဲ့ လက်ထက်မှာဆိုရင် မြောက်ကိုရီးယားနဲ့ ပြန်လည်သင့်မြတ်ရေးကို လုပ်ဆောင်ခဲ့ရာမှာ သူ့ရဲ့ နေခြည်ဖြာမူဝါဒ( Sun Shine Policy) ဟာ ကမ္ဘာကျော်ဖြစ်ခဲ့ပါတယ်။ ကျွန်တော် အထက်မှာ တင်ပြခဲ့သလိုပါပဲ၊ သမ္မတမွန်းဂျယ်အင်း လက်ထက်မှာတော့ အောင်မြင်မှုတစ်ခုရလာပြီလို့ ပြောနိုင်ပါတယ်။

သမိုင်းကြောင်းအရ ပြန်ကြည့်မယ်ဆိုရင် ၁၉၅၀ ပြည့်နှစ်မတိုင်မီအထိ ကိုရီးယားတစ်နိုင်ငံတည်း ရှိခဲ့တာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာတော့ စစ်အေးတိုက်ပွဲရဲ့ ရလဒ်ဆိုးအဖြစ် ကိုရီးယားကျွန်းဆွယ်စစ်ပွဲ ပေါ်ပေါက်လာပြီး တောင်မြောက် နှစ်ခြမ်းကွဲသွားပါတော့တယ်။ တကယ်တော့ စစ်အေးတိုက်ပွဲကာလ နှစ်ပေါင်းငါးဆယ်အတွင်း နှစ်ခြမ်းကွဲသွားတာဟာ ကိုရီးယားတစ်ခုတည်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း စစ်အေးတိုက်ပွဲအပြီးမှာ တောင်မြောက်ကိုရီးယား နှစ်နိုင်ငံကလွဲလို့ ကျန်တဲ့နိုင်ငံတွေဟာ သူတို့နည်း၊ သူတို့ဟန်နဲ့ ပေါင်းစည်းသွားကြပြီဖြစ်ပါတယ်။ တောင်မြောက်ကိုရီးယားနှစ်နိုင်ငံကတော့ စစ်အေးတိုက်ပွဲရဲ့အမွေဆိုးကို ယနေ့တိုင် ခံစားနေရဆဲဖြစ်ပါတယ်။ အထူးသဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားပြီး တောင်ကိုရီးယားနဲ့ ကမ္ဘာ့နိုင်ငံကြီးအချို့အပေါ် သဘောထားတင်းမာတဲ့ မြောက်ကိုရီးယားကို ဘယ်လိုထိတွေ့ဆက်ဆံ ဖျောင်းဖျမလဲဆိုတာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ခေါင်းခြောက်စရာအကောင်းဆုံးပြဿနာကြီး ဖြစ်နေပါတယ်။ တာဝေးပစ်ဒုံးကျည်တွေ စမ်းသပ်ပြလိုက်၊ စစ်အင်အားတွေပြလိုက် စသည်ဖြင့် နည်းပေါင်းစုံ အနီးကပ်ခြိမ်းခြောက်မှုတွေ ရှိနေပေမယ့် တောင်ကိုရီးယားပြည်သူနဲ့ အစိုးရတွေဟာ မြောက်ကိုရီးယားပြည်သူတွေ စားနပ်ရိက္ခာပြတ်လပ်ပြီး ငတ်မွတ်ခေါင်းပါးနေမှုအပေါ် ဘယ်တော့မှ လျစ်လျူမရှုခဲ့ကြပါဘူး။

တောင်မြောက်ကွဲပြားနေပေမယ့် ကိုရီးယားလူမျိုးတစ်မျိုးတည်းဖြစ်တာကြောင့် နှလုံးသားတွေက စကားပြောနေပုံရပါတယ်။ ဆွေမျိုးတွေ ပြန်လည်ဆုံစည်းခွင့်ကို ယနေ့ချိန်ထိ မဆုတ်မနစ် မျှော်လင့်နေကြပါတယ်။ ဒါကြောင့် သံသယကြီးတဲ့ မြောက်ကိုရီးယားအစိုးရက ဘယ်လိုတင်းမာတဲ့ သဘောထားရှိရှိ ဆွေမျိုးတွေ ပြန်လည်ပေါင်းစည်းရေးအတွက်ဆိုရင် စိတ်ရှည်လက်ရှည် အလျှော့ပေးဆက်ဆံရေးကသာ အလုပ်ဖြစ်နိုင်မယ်လို့ တောင်ကိုရီးယားပြည်သူအများစုက ယုံကြည်လက်ခံခဲ့ကြပုံပေါ်ပါတယ်။

### မွေးရပ်မြေကို သွားချင်တဲ့စိတ်ကူး

လက်ရှိ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းရဲ့ နောက်ကြောင်းရာဇဝင်ကို ကြည့်မယ်ဆိုရင် သူ့မိဘနှစ်ပါးဟာ ကိုရီးယားစစ်ပွဲကာလအတွင်း တောင်ဘက်အခြမ်းကို ထွက်ပြေးလာတဲ့ စစ်ဘေးဒုက္ခသည်တွေ ဖြစ်ပါတယ်။ မိခင်ဖြစ်သူက ဘူဆန်ဆိပ်ကမ်းမြို့လေးမှာ ကြက်ဥရောင်းရင်း ဝမ်းစာရှာဖွေခဲ့ရပါတယ်။ မွန်းဂျယ်အင်းဟာ ၁၉၇၂ ခုနှစ်မှာတော့ တောင်ကိုရီးယားရဲ့ အာဏာရှင်ကြီးလို့ ခေါ်ဝေါ်သမုတ်ခံရတဲ့ ပတ်ချုံဟီးအစိုးရရဲ့ ဖမ်းဆီးထိန်းသိမ်းတာကို ခံခဲ့ရပါတယ်။ နောက်ပိုင်းနှစ်တွေမှာတော့ နိုမူဟွန်း (ကိုရီးယားသမ္မတဟောင်း)နဲ့ တွဲဖက်ပြီး လူ့အခွင့်အရေးကို အဓိကထား အကာအကွယ်ပေးဖို့ ရှေ့နေရုံးတစ်ရုံးကို ဘူဆန်မြို့ပေါ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ မကြာသေးခင်နှစ်တွေက ထုတ်ဝေခဲ့တဲ့ သမ္မတမွန်းဂျယ်အင်းရဲ့ စာအုပ်တစ်အုပ်ထဲမှာဆိုရင် သူ့မိဘများရဲ့ မွေးရပ်မြေကို သွားချင်တဲ့စိတ်ကူး အိပ်မက်တွေကို ဖော်ပြထားပါတယ်။ "တကယ်ငြိမ်းချမ်းတဲ့ ပြန်လည်ပေါင်းစည်းရေးဖြစ်လာပြီဆိုရင် ကျွန်တော်အရင်ဆုံးလုပ်ချင်တာကတော့ အသက်ကိုးဆယ်အရွယ် ကျွန်တော့်အမေကိုခေါ်ပြီး ဇာတိမြေကို ပို့ပေးဖို့ပါပဲ" ဟု ရေးသားထားပါတယ်။ ခြုံပြီးပြောရရင်တော့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဟာ မြောက်ကိုရီးယားနွယ်ဖွားလည်းဖြစ်၊ မြောက်ကိုရီးယားအပေါ် အလွန်တင်းမာခဲ့တဲ့ တောင်ကိုရီးယားသမ္မတဟောင်း ပတ်ချုံဟီးကို တော်လှန်ဆန့်ကျင်ရဲခဲ့တဲ့သူလည်းဖြစ်တဲ့ မွန်းဂျယ်အင်းကို သဘောတွေ့ခဲ့ပုံရပါတယ်။

### ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေနေနိုင်ရေး

မြောက်ကိုရီးယားဘက်ကို ပြန်ကြည့်မယ်ဆိုရင်လည်း မျိုးဆက်အလိုက် သဘောထားပြောင်းလဲမှုတွေ ဖြစ်လာတက်တဲ့ လောကနိယာမအတိုင်း အဘိုး၊ အဖေလက်ထက်က ပြင်းထန်ခဲ့တဲ့ အမုန်းတရားတွေဟာ မြေးလက်ထက်ရောက်တော့ လျော့ပါးသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အဘိုး၊ အဖေများ ကြီးပြင်းခဲ့ရတဲ့ ကမ္ဘာ့အခြေအနေနဲ့ မြေးလက်ထက်မှာ ရင်ဆိုင်ကြုံတွေ့ရတဲ့ ကမ္ဘာ့အခြေအနေတွေဟာ အလွန့်အလွန် ကွာခြားပြောင်းလဲသွားတာကြောင့် ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေနေနိုင်ရေးကို စဉ်းစားလာတဲ့ပုံပေါ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စစ်အေးတိုက်ပွဲခေတ် တစ်လျှောက်လုံး အင်အားကြီးနိုင်ငံတွေ ပါဝင်ပတ်သက်အားပြိုင်ခဲ့ကြတဲ့ ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းရေး ရောင်နီ အစပျိုးလာပြီဖြစ်တဲ့အတွက် ကမ္ဘာသူ ကမ္ဘာသားတွေနဲ့အတူ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေလည်း ဝမ်းသာပီတိဖြစ်ကြမှာ သေချာပါတယ်။

ဘာကြောင့်လဲဆိုတော့ တောင်မြောက်ကိုရီးယားစစ်ပွဲဟာ မြန်မာပြည်ထဲအထိ ရောက်ခဲ့လို့ပါပဲ။ ၁၉၈၃ ခုနှစ် အောက်တိုဘာ ၉ ရက်မှာ မြန်မာနိုင်ငံကို အလည်ရောက်နေတဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ ပဉ္စမမြောက် သမ္မတချွန်ဒူးဝှမ်နဲ့အဖွဲ့ကို မြောက်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့ဝင်တွေက ရန်ကုန်မြို့ရှိ အာဇာနည်ကုန်းမှာ ဗုံးခွဲတိုက်ခိုက်ခဲ့ကြပါတယ်။ သမ္မတချွန်ဒူးဝှမ် အသက်ရှင်ခဲ့ပေမယ့် လူ ၂၁ ယောက်သေပြီး ၄၆ ယောက် ဒဏ်ရာရခဲ့ကြပါတယ်။ ဒီအဖြစ်အပျက်ကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ ယနေ့တိုင် အမှတ်ရနေကြပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်နောက်ပိုင်းမှာတော့ မြန်မာပြည်သူတွေဟာ ကိုရီးယားယဉ်ကျေးမှုနဲ့ စတင်ထိတွေ့ခွင့်ရပြီး အခုဆိုရင် ကိုရီးယားအကြောင်းကို အတော်များများ သိနေကြပါပြီ။

### ထာဝရငြိမ်းချမ်းရေးရရှိဖို့ ကြိုးစားနေကြ

ကိုရီးယားဇာတ်လမ်းတွဲ၊ ကိုရီးယားပေ့ါတေးဂီတတွေကို လှိုက်လှိုက်လှဲလှဲ အားပေးနေကြပါတယ်။ မြန်မာနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံဟာ တူညီတဲ့အရာတွေ အများကြီးရှိပါတယ်။ ဆယ်စုနှစ်များစွာ ကိုလိုနီအုပ်ချုပ်ရေးနဲ့ အာဏာရှင်အုပ်ချုပ်ရေးတွေကို ခံခဲ့ရပြီး ဒီမိုကရေစီရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။ အာရှနိုင်ငံများအနက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တွေ ပေါ်ထွန်းခဲ့တဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။ အသွင်သဏ္ဌာန်အားဖြင့် မတူညီသော်လည်း ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် ကြိုးစားနေကြရတဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနဲ့ မြန်မာနိုင်ငံကြားမှာ အပြန်အလှန် နည်းနာယူစရာတွေ ရှိနေပါတယ်။ ချုပ်ပြီးပြောရမယ်ဆိုရင်တော့ ယုံကြည်မှုနဲ့ သံသယကို ဘယ်လိုပြေလည်အောင် အဖြေရှာမလဲဆိုတာ အဓိကမေးခွန်းတစ်ခု ဖြစ်နေပါတယ်။

မြောက်ကိုရီးယားရဲ့ နျူကလီးယားပပျောက်ရေးကို ဖြေရှင်းဖို့အတွက် စစ်ရေးနည်းလမ်းဟာ ဘယ်လိုမှ ဖြေရှင်းလို့ မရနိုင်ပါဘူး။ တွေ့ဆုံဆွေးနွေး အဖြေရှာရေးသာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ ခက်ခဲသလို အချိန်လည်းယူရတယ်ဆိုတာ မြန်မာနိုင်ငံသားတွေရဲ့ ကိုယ်တွေ့ဖြစ်ပါတယ်။ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းဟာ ဖိအားပေးနည်းလမ်းကို ရှောင်ရှားပြီး တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို စိတ်ရှည်လက်ရှည် တစိုက်မတ်မတ် လုပ်ခဲ့တဲ့အတွက် နောက်ဆုံးမှာတော့ မြောက်ကိုရီးယားရဲ့စိတ်ကို ပြောင်းလဲစေနိုင်ခဲ့ပါတယ်။ သံတမန်ရေးရာ ကျွမ်းကျင်လှတဲ့ သမ္မတမွန်းဂျယ်အင်းဟာ ဖြောင်ချမ်းဆောင်းရာသီအိုလံပစ်ပွဲတော်ကို အကြောင်းပြုပြီး ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေးအတွက် အခွင့်ကောင်းကို အချိန်ကိုက် အသုံးချနိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်ကိုရီးယားနိုင်ငံမှာ ကျင်းပမယ့် ဆောင်းရာသီအိုလံပစ်ဖွင့်ပွဲကို မြောက်ကိုရီးယားခေါင်းဆောင်တွေ တက်ရောက်ဖို့အတွက် မွန်းဂျယ်အင်းက ဖိတ်ကြားလိုက်ပါတယ်။

### ကမ္ဘာ့မီဒီယာများအကြား လှုပ်လှုပ်ခတ်ခတ်

အဲဒီလိုဖိတ်ကြားတဲ့အတွက် ကန့်ကွက်မှုတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ မြောက်ကိုရီးယားထိပ်ပိုင်းခေါင်းဆောင်တွေ တက်ရောက်မှာမဟုတ်ဘူးလို့လည်း အများစုက သုံးသပ်နေချိန်မှာပဲ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်ရဲ့ ညီမလည်းဖြစ်၊ မြောက်ကိုရီးယားဝါဒဖြန့်ချိရေးရဲ့ အဓိက ပွဲ့ကိုင်ရှင်လည်းဖြစ်တဲ့ ကင်မြိုဂျုံကိုယ်တိုင် ဦးဆောင်ပြီး တက်ရောက်လာတာကြောင့် ကမ္ဘာ့မီဒီယာများအကြား လှုပ်လှုပ်ခတ်ခတ် ဖြစ်ခဲ့ပါတယ်။ အိုလံပစ်ပွဲတော်မှာ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနဲ့ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ ညီမ ကင်မြိုဂျုံတို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြတာဟာ နောက်ထပ် လက်ဆွဲနှုတ်ဆက်မှုတွေ တသီကြီးပေါ်ပေါက်လာဖို့အတွက် အစပျိုးခဲ့တာလို့ အများစုက သတိမထားမိခဲ့ကြပါဘူး။

ကိုရီးယားကျွန်းဆွယ်ရဲ့ ကံကြမ္မာကို ဖြေရှင်းဖို့အတွက် အဓိကကျတဲ့ ဇာတ်ဆောင်တွေကတော့ ကိုရီးယားကျွန်းဆွယ်တွေပေါ်မှာရှိတဲ့ အစိုးရနဲ့ ပြည်သူတွေ ကိုယ်တိုင်ပဲဖြစ်ပါတယ်။ ကိုရီးယားကျွန်းဆွယ်ရဲ့ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုဟာ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံးအတွက် ကောင်းချီးမင်္ဂလာတွေကို ဆောင်ကြဉ်းပေးလာမှာ ဖြစ်ပါတယ်။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ အခက်အခဲတွေရှိနိုင်ပေမယ့် တကယ်ငြိမ်းချမ်းချင်တဲ့စိတ်ရှိလာကြပြီဆိုရင် ငြိမ်းချမ်းရေးရဖို့ သေချာလာပါတယ်။ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ စတင်ခဲ့တာဟာ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်မှာ ဖြစ်တာကြောင့် ဒီလ ၂၅ ရက်နေ့ဆိုရင် ၆၈ နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ အဲဒီနှစ်တွေအတွင်း ကိုရီးယားအမျိုးသားအချင်းချင်း အပြန်အလှန် သတ်ဖြတ်ခဲ့တဲ့အသက်တွေ၊ စစ်ရေးအားပြိုင်မှုကြောင့် လက်နက်ထုတ်လုပ်ရေးအတွက် ကုန်ကျခဲ့တဲ့စရိတ်တွေကို ပြန်တွက်ကြည့်မယ်ဆိုရင် အများကြီးဆုံးရှုံးသွားခဲ့တာကို တွေ့ရပါလိမ့်မယ်။

### ရန်လိုမှုတွေ ရပ်ဆိုင်းတဲ့အချိန်

စစ်ပွဲဆိုတာ နိုင်ငံမရွေး၊ လူမျိုးမရွေး ဘာကိုမှ အကျိုးမပေးတဲ့အပြင် မယုံကြည်မှုနဲ့ သံသယတွေကိုသာ ကြီးထွားစေပါတယ်။ လူ့အဖွဲ့အစည်းရှိလာပြီဆိုရင် ပြဿနာတွေလည်းရှိပါတယ်။ ပြဿနာရှိလာပြီဆိုရင် ဖြေရှင်းတဲ့နည်းလမ်းဟာ အရေးကြီးပါတယ်။ ပြဿနာတိုင်းကို ငြိမ်းငြိမ်းချမ်းချမ်း အဖြေရှာနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းကိုသာ အသုံးပြုသင့်ပါတယ်။ နှစ်ပေါင်း ခုနစ်ဆယ်နီးပါး မယုံကြည်မှုနဲ့ သံသယတွေ ကိန်းအောင်းနေတဲ့ ပြိုင်ဘက်တွေကြားမှာ ပထမဦးဆုံးလုပ်ရမယ့် အလုပ်ကတော့ အမုန်းစကားတွေ ရပ်တန့်လိုက်ကြဖို့ပဲ ဖြစ်ပါတယ်။ ကိုရီးယားနှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးနဲ့ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်တွေဟာ နောက်ထပ်နှစ်တွေ ဘယ်လောက်ကြာမယ်ဆိုတာ မပြောနိုင်ပေမယ့် ရန်လိုမှုတွေ ရပ်ဆိုင်းတဲ့အချိန်ဟာ ငြိမ်းချမ်းရေးစတင်ရရှိပြီလို့ ဆိုနိုင်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

> **" စစ်ပွဲဆိုတာ နိုင်ငံမရွေး၊ လူမျိုးမရွေး ဘာကိုမှ အကျိုးမပေးတဲ့အပြင် မယုံကြည်မှုနဲ့ သံသယတွေကိုသာ ကြီးထွားစေပါတယ်။ လူ့အဖွဲ့အစည်း ရှိလာပြီဆိုရင် ပြဿနာတွေလည်း ရှိပါတယ်။ ပြဿနာရှိလာပြီဆိုရင် ဖြေရှင်းတဲ့နည်းလမ်းဟာ အရေးကြီးပါတယ်။ ပြဿနာတိုင်းကို ငြိမ်းငြိမ်း ချမ်းချမ်း အဖြေရှာနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးရေး နည်းလမ်းကိုသာ အသုံးပြုသင့်ပါတယ်။ နှစ်ပေါင်း ခုနစ်ဆယ်နီးပါး မယုံကြည်မှုနဲ့ သံသယ တွေ ကိန်းအောင်းနေတဲ့ ပြိုင်ဘက်တွေကြားမှာ ပထမဦးဆုံးလုပ်ရမယ့် အလုပ်ကတော့ အမုန်းစကားတွေ ရပ်တန့်လိုက်ကြဖို့ပဲ ဖြစ်ပါတယ် "**

# ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ သတင်းစာရှင်းလင်းပွဲ လွိုင်ကော်မြို့၌ ပြုလုပ်



**လွိုင်ကော် ဇွန် ၁၂**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ(၁) နှစ်တာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၂ ရက်က ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ကယားပြည်နယ်သည် အငယ်ဆုံးပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ကယားမျိုးနွယ်စု ကိုးမျိုးအပြင် အခြားတိုင်းရင်းသားများစွာလည်း မှီတင်းနေထိုင်ကြ၍ တိုင်းရင်းသားပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးအခန်းကဏ္ဍ၊ ရေရရှိရေးအခန်းကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကဏ္ဍ၊ အားကစား၊ ပညာရေး၊ လူငယ်များစာပေဖတ်ရှုရေး၊ ကျန်းမာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့် သတင်းထောက်များက မေးမြန်းရာတွင် ကန္တာရဝတီတိုင်းမ် မီဒီယာမှ မေးခွန်း ၁၇ ခု၊ တာချီလိတ်သတင်းအေဂျင်စီမှ မေးခွန်း ကိုးခု၊ Eleven မီဒီယာမှ မေးခွန်း ခြောက်ခု စုစုပေါင်းမေးခွန်း ၃၂ ခုကို မေးမြန်းရာ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ပြည်နယ်အတွင်း ပူးပေါင်းစစ်ဆေးရေးဂိတ် ၁၃ ခု ထားရှိဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးကို ပြည်နယ်အစိုးရ၏ ပထမဦးစားပေးအဆင့်(၁)အဖြစ်ထားရှိ၍ (KNPP) နှင့် လစဉ်ထိတွေ့ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် (KNPP)တို့ လွိုင်ကော်မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ပြီး တိုးတက်မှုများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာ လွိုင်ကော်မြို့ အကျဉ်းထောင်၌ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အကျဉ်းကျ အမျိုးသား ၃၈၅ ဦး၊ အမျိုးသမီး ၅၆ ဦးရှိပြီး မူးယစ်ဆေးဝါးသုံးစွဲသူ ပပျောက်ရေးအတွက် ဆေးဖြတ်စခန်းဆောက်လုပ်ရန် ပြည်နယ်အစိုးရက မြေဧက ၉ ဒသမ ၃၉ ဧက ပေးထားပြီး စီမံကိန်းရေးဆွဲဆောင်ရွက်ထားမှုကို လည်းကောင်း၊ ပြည်ထဲရေးတွင် အမည်မပေါက်သေးသည့် ကျေးရွာ ၁၉ ရွာ ကျန်ရှိပြီး အမည်ပေါက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ကယားပြည်နယ်အတွင်းသို့ နယ်စပ်နှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများအား လိုင်စင်မဲ့မော်တော်ယာဉ်နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမျှ ပေးမထားပါကြောင်း၊ ပြည်သူများနှင့်အတူ ဖြစ်၍ လိုင်စင်ရှိမှသာ တရားဝင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးနှင့် သတ္တုတွင်း ဦးစီးဌာနက မော်ချီးဒေသတွင် သတ္တုထုတ်လုပ်ရေးကုမ္ပဏီ ၁၅ ခု ရှိပြီး လုပ်ကွက် ၂၁ ခုတွင် ဆောင်ရွက်နေမှုများ၊ အခွန်နှင့်မြေငှားရမ်းခကောက်ခံရရှိမှုများ၊ ကုမ္ပဏီများမှ ဒေသတွင်း သတ္တုထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများအတွက်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် CSR (ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ) ထည့်ဝင် ဆောင်ရွက်မှုများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်ထုတ်လုပ်ရေးဌာနမှ ပြည်သူများအတွက် သစ်ရောင်းချမှုများ၊ တရားမဝင် သစ်ဖမ်းဆီးရရှိမှုများနှင့် တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကယားပြည်နယ်အတွင်း တပ်မြေဧရိယာ ၁၄၇၇၆ ဒသမ ၀၁ ဧကအနက် ၂၀၉ ဧကကို တောင်သူ ၅၄ ဦးထံသို့ ၉၆ ဒသမ ၉၁ ဧကအား လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ၁၁၂ ဒသမ ၀၉ ဧကကို သက်ဆိုင်ရာတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်၍ အခြားဌာနများနှင့်ပူးပေါင်းပြီး ဝန်ထမ်း ၂၂ ဦးဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် သုည ဒသမ ၄၃၀ သန်း၊ သွင်းကုန် သုည ဒသမ ၅၂၇ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအထိ ပို့ကုန် သုည ဒသမ ၀၂၂ သန်းနှင့် သွင်းကုန် သုည ဒသမ ၁၄၆ သန်း ရရှိမှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း ဝန်ကြီးဌာန ငါးခုမှ အဆောက်အအုံနှင့်မြေငှားရမ်းထားရှိမှုနှင့် ငှားရမ်းခ ရရှိငွေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ရှင်းလင်းပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ကွန်ဂရက်တက်ရောက်ရန် ရုရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရှိတ်ဆော်လမန်နှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် အာရှဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ပံ့ပိုးကူညီနိုင်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကားလို့စ်ကော်ဒရီယိုနှင့်လည်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်အတွင်း ကောင်းမွန်သည့် ဆက်ဆံရေးထားရှိရေး၊ လိုအပ်သည့်အကူအညီများ အပြန်အလှန်ပံ့ပိုးရေး ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ရုရှားနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း ဖီဖာဥက္ကဋ္ဌအပါအဝင် ကမ္ဘာ့ဘောလုံးလောကမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ- MFF**



## ဆင်းရဲနွမ်းပါးခြင်းနှင့် ပညာရေးနိမ့်ပါးခြင်းသည် ကလေးအလုပ်သမားဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများအနက် အဓိကကျဟုဆို




**ရန်ကုန် ဇွန် ၁၂**

ကလေးအလုပ်သမား ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခက်ခဲကြာရှည်စွာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး ကလေးအလုပ်သမား ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများအနက် ဆင်းရဲနွမ်းပါးခြင်းနှင့် ပညာရေး နိမ့်ပါးခြင်းသည်လည်း အဓိကကျသည့်အတွက် အလေးထားဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းကပြောသည်။

ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Chatrium ဟိုတယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ILO တို့ ပူးပေါင်းပြုလုပ်သည့် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ထိုသို့ပြောကြားခြင်းဖြစ်သည်။

"လုပ်ငန်းခွင်မှာရှိနေတဲ့ ကလေး၊ လူငယ်အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ဖို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက focal ministry အဖြစ် တာဝန်ယူဆောင်ရွက်နေတာဖြစ်လို့ ယနေ့ကျင်းပတဲ့ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနားမှာ လူငယ်အလုပ်သမားတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေဖို့ ကလေးအလုပ်သမားပပျောက်စေဖို့အတွက် ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်ရမလဲဆိုတာ မီးမောင်းထိုးပြနိုင်မယ့် အခွင့်အရေးဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ကလေးအလုပ်သမား ပြဿနာကို ကမ္ဘာတစ်ဝန်းလုံးတွင် အလေးထားဆောင်ရွက်နေပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ သဘောတူညီချက် ILO Convention 182 ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အကောင်အထည်ဖော်မှုအစီရင်ခံစာကို ILO သို့ တင်သွင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အလုပ်များမှ ရုန်းမထွက်နိုင်ဘဲ စေခိုင်းခံနေရသည့် ကလေးသူငယ် ၁၆၈ သန်းခန့်ရှိပြီး ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းဝန်းကျင်တွင် ၈၅ သန်းခန့် လုပ်ကိုင်နေရကြောင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ ကျွန်အဖြစ်စေခိုင်းခြင်း၊ လူကုန်ကူးခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများအကြားတွင် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံနေရကြောင်း ILO ၏ စစ်တမ်းများအရ သိရသည်။

၂၀၁၇ ခုနှစ် ကလေးလုပ်သား စစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် (၅)နှစ်မှ (၁၇)နှစ်ထိ ကလေးဦးရေမှာ ၁၂ သန်းကျော်ရှိပြီး အဆိုပါ အစီရင်ခံစာတွင် အလုပ်လုပ်သော ကလေးဦးရေ ရှစ်သိန်းကျော်၊ ကလေးလုပ်သား ခြောက်သိန်းကျော်နှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော ကလေးလုပ်သား ခြောက်သိန်းရှစ်ထောင်ရှိကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ILO မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကလေးအလုပ်သမားဆိုင်ရာနည်းပညာရပ်လုပ်ငန်းအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သီသီမင်း**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ညစာစားပွဲသို့ တက်ရောက်လာသည့် ဂျပန်-မြန်မာအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

**❍ ကျောဖုံးမှ**

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးအား Nikkei သတင်းဌာနမှ တာဝန်ရှိသူများက တွေ့ဆုံမေးမြန်းသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်-မြန်မာ ပါလီမန်များ ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Ichiro Aisawa ဦးဆောင်သည့် လွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလုပ်သဘော နေ့လယ်စာစားပွဲသို့လည်းကောင်း၊ ဂျပန်-မြန်မာအဖွဲ့အစည်းဥက္ကဋ္ဌ Mr. Hideo Watanabe ပါဝင်သည့် ဂျပန်အစိုးရမှ အဆင့်မြင့် ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများနှင့် အခြားသောနယ်ပယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလုပ်သဘော ညစာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲများတွင် ဂျပန်-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအခွန့်ရှည်စေရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စ အလေးထားဖြေရှင်းနေမှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံ လွှတ်တော်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ အားကစား၊ ချေးငွေလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ပိုမိုအားကောင်းစေရေး စသည်တို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေး ကျင်းပ


**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်း အနီးတွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေး စေတီတော်ဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ အချိန်မီ ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေးနာယက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ၊ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ အသီးသီး ဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ပူဇော်မည်


**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"** ကို တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| - ဦးသောင်းဝင်း | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ဖုန်း ၀၉- ၄၂၀၇၀၁၄၆၃<br>၀၆၇၃- ၄၀၆၂၇၆ |
| - ဦးမောင်မောင်မျိုး | ညွှန်ကြားရေးမှူး နေပြည်တော်တိုင်း သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၂၀၉၁<br>၀၆၇၃-၅၅၀၁၈၃ |
| - ဦးကြင်ခိုင် | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ကမ္ဘာအေး ဘုရားဝင်း၊ ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃<br>၀၉- ၅၁၈၃၄၇၁<br>၀၁-၆၆၁၂၇၅ |
| - ဦးကျော်စိန်ဝင်း | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ၆၂ လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉-၂၀၀၀၁၀၀<br>၀၉-၄၃၁၂၅၃၇၃<br>၀၂-၆၁၁၁၃ |

**(ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ)**




**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် ၁၀ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။**

**❂ စာမျက်နှာ ၆ မှ**

ဆွေးနွေးပွဲပြင်ပတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အိမ်ရှင်စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဝန်ကြီး မစ္စတာတိုချီဟန်း၊ စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာခရစ်ရှ်နန်၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အထူးဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး၏ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ရှင်းလင်းပြောကြားချက်များ၊ ဆွေးနွေးပွဲတက်ရောက်လာသူများထံမှ အပြုသဘောဆောင်သော တုံ့ပြန်မှုများကို ကြားသိရပြီးဖြစ်ကြောင်း ၎င်းတို့က ထည့်သွင်းပြောကြားခဲ့ကြသည်။

**မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများအပေါ် သုံးသပ်တင်ပြချက်**

ယခုအချိန်တွင် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ မီဒီယာအသုံးပြုတိုက်ခိုက်မှုများ၊ တစ်ဖက်သတ် မမှန်မကန်ဝါဒဖြန့်ချိမှုများ၊ နိုင်ငံတကာစံနှုန်းများ အသုံးပြုပုံဖော်ပြခြင်းများ ပြုလုပ်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ အထင်အမြင်လွဲမှားမှုနှင့် အာရုံစိုက်ဖိအားပေးမှုတို့ကို ကြုံတွေ့လျက်ရှိသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ် ပြဿနာ၏ အကြောင်းရင်းခံများ၊ ပကတိအခြေအနေမှန်များ၊ ထိလွယ်ရှလွယ်အနေအထားနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို နိုင်ငံတကာက သိရှိနားလည် လက်ခံလာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးသည်။

ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲ၌ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ကျင်းပသည့် အထူးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းကိုယ်တိုင် တက်ရောက်၍ အမျိုးသားလုံခြုံရေး ရှုထောင့်မှလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှလည်းကောင်း ရှင်းလင်း၊ ဖြေကြား၊ ဆွေးနွေးနိုင်ခဲ့ခြင်းကြောင့် အခြားတစ်ဖက်မှ မမှန်မကန် ပြောဆိုဝေဖန်မှုများကို တုံ့ပြန်ချေဖျက်နိုင်သည့် အခွင့်အရေးရရှိခဲ့သည်။ ဆွေးနွေးပွဲကာလအတွင်း ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့နိုင်မည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စတို့ကို အလေးထား၍ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံအသီးသီးမှ အစိုးရပိုင်းအကြီးအကဲများ၊ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ ပညာရှင်သုတေသီများနှင့် သတင်းမီဒီယာများအကြား သိရှိပျံ့နှံ့စေခဲ့သည်။

ခရီးစဉ်အတွင်း အိမ်ရှင်နိုင်ငံမှ ခေါင်းဆောင်ပိုင်းများ၊ ဆွေးနွေးပွဲတက်ရောက်လာသည့် အဆင့်မြင့် ကိုယ်စားလှယ်များအကြား ဆက်သွယ်ဆွေးနွေးနိုင်ခြင်းမှတစ်ဆင့် နိုင်ငံအချင်းချင်းအကြား ယုံကြည်မှု၊ ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့ပြီး ရှေ့ဆက်၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ခဲ့သည်။ သို့ပါ၍ ယခုနှစ် ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲတွင် နိုင်ငံ၏ ပုံရိပ်ကိုမြှင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲမြို့ ရေကြီးရေလျှံမှုများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး

**သံတွဲ ဇွန် ၁၂**
ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့တွင် သံတွဲမြို့ ရေကြီးရေလျှံမှုများနှင့် ရေဘေး ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သံတွဲမြို့ ရွှေဆံတော်တောင်ခြေဓမ္မာရုံရှိ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ရွှေဆံတော်ဓမ္မာရုံ၌ သံတွဲမြို့ပေါ်ရှိ ရပ်ကွက်များမှ ရေဘေးရှောင် အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၈၀ နေထိုင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲ-ဂွ မော်တော်ကားလမ်း ရေကြီးရေလျှံမှုအခြေအနေ၊ သံတွဲ-ငပလီလမ်း ရေကြီးရေလျှံမှု အခြေအနေနှင့် သံတွဲ-ကင်းမော်လမ်း ရေကြီးရေလျှံမှုအခြေအနေများကို ကြည့်ရှုပြီး မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှုကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများ ကာကွယ်နိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲမြို့ ရွှေအံတော်စေတီတော်ဓမ္မာရုံရှိ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံပြီး စားနပ်ရိက္ခာများထောက်ပံ့လှူဒါန်းသည်။

အဆိုပါ ဓမ္မာရုံတွင် ရေဘေးရှောင် အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၆၀ နေထိုင်လျက်ရှိကြောင်း သိရသည်။

သံတွဲမြို့ ရေကြီးရေလျှံမှုတွင် သံတွဲတပ်နယ်မှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရေဘေးကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

# ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**
ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဇွန် ၁၁ ရက်က ပွင့်ဖြူမြို့နယ် ချင်းကုန်းကျေးရွာ၌ သစ်ပင်ပိသဖြင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ပြီး အိမ်ထောင်စု တစ်စုမှ လူဦးရေ ခြောက်ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ခြင်းနှင့် ရေပုတ်ကြီးကျေးရွာ၌ လူတစ်ဦး ရေမျောပါသေဆုံးခဲ့ခြင်း၊ မင်းဘူးမြို့နယ် စကုမြို့ အမှတ် (၃)ရပ်ကွက်တွင် မန်းချောင်းရေမြင့်တက်လာမှုကြောင့် နေအိမ်ခြောက်လုံးမျောပါသွားပြီး အိမ်ထောင်စု ခြောက်စုမှ လူဦးရေ ၁၈ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ကလေးတစ်ဦး သေဆုံးခဲ့ခြင်း၊ မင်းလှမြို့နယ် စစ္စနို့ကျေးရွာတွင် စစ္စနို့ချောင်း ရေကျချိန်လမ်းဖြတ်ကူးရာ၌ လူတစ်ဦးမျောပါသေဆုံးခဲ့ခြင်း၊ ယနေ့တွင် ကံမမြို့နယ် ကျေးရွာအုပ်စု ၁၈ စု၊ ကျေးရွာ ၃၂ ရွာ၌ နေအိမ် ၁၈၀၀ ကျော်သို့ ရေဝင်ရောက်လျက်ရှိပြီး အိမ်ခြေကိုးလုံး မျောပါခဲ့ခြင်းနှင့် အိမ်ခြေ ၆၆၄ လုံး၊ အိမ်ထောင်စု ၆၈၁ စုမှ လူဦးရေ ၂၃၅၃ ဦးတို့ကို ဘေးလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့ထားကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇွန် ၁၁ ရက်က ကြံခင်းမြို့နယ် ဘက်ရဲမြို့ အနိမ့်ပိုင်းရပ်ကွက်နှစ်ခုတွင် တောင်ကျရေစီးဆင်းမှုကြောင့် အိမ်ခြေ ၆၀၀ ကျော်ခန့် ရေဝင်ရောက်ခဲ့ပြီး အိမ်ထောင်စု ၁၂၃ စုမှ လူဦးရေ ၃၀၅ ဦးအား ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးထားကာ ကျန်လူဦးရေများမှာ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိခြင်း၊ ကြံခင်း-ဘက်ရဲကားလမ်း မိုင်တိုင် (၅/၃)နှင့်(၅/၅)အကြား အင်းကောက်ကျေးရွာအနီး၌ ရေ ၂ ဒသမ ၅ ပေခန့်ကျော်လျက်ရှိခြင်းနှင့် ကံဆယ်ကျေးရွာတွင် ရေသာယာချောင်း ရေတိုက်စားမှုကြောင့် နေအိမ်တစ်လုံး ပြိုကျခဲ့ပြီး အိမ်ထောင်စု တစ်စုမှ လူဦးရေ သုံးဦးအား ဆွေမျိုးများ နေအိမ်သို့ ယာယီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇွန် ၁၁ ရက်က တမူးမြို့နယ် ဈေးတန်း(၉)ရပ်ကွက်တွင် ရေဝင်ရောက်မှုကြောင့် အိမ်ခြေနှစ်လုံး၊ အိမ်ထောင်စု နှစ်စုမှ လူဦးရေငါးဦးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားခြင်း၊ တမူးမြို့နယ် မြို့မ(၁၃)ရပ်ကွက်တွင် နန်းပါလောချောင်း ရေလျှံမှုကြောင့် နန်းပါလောချောင်းကူးတံတားမှာ ယာယီသွားလာမှု ပြတ်တောက်သွားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပေါင်းတည်မြို့နယ် မြို့ပေါ် ခုနစ်ရပ်ကွက်ရှိ နေအိမ် ၁၄၀၀ ကျော်ခန့်နှင့် သဖန်းပင်ဆိပ်ကျေးရွာ၌ လူနေအိမ် ၁၁၀ ခန့် စုစုပေါင်း နေအိမ် ၁၅၀၀ ကျော်ခန့် ရေဝင်ရောက်လျက်ရှိခြင်း၊ ရန်ကုန်-ပြည် ကားလမ်းဘေး အထကကျောင်းရှေ့ အုတ်တံတိုင်း အမြင့် ခုနစ်ပေ၊ အကျယ် ခုနစ်ပေ၊ အခန်း ၅၀ စုစုပေါင်းပေ ၃၅၀ ပြိုကျခြင်းနှင့် ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်(၁၄၃/၂)မှ (၁၄၃/၇) အထိနှင့် မိုင်တိုင်(၁၄၅/၁)မှ (၁၄၅/၂)ထိ လမ်းမများပေါ်တွင် ရေကျော်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း သံတွဲမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက် လေးခုနှင့် ညောင်ပင်ကွင်းကျေးရွာ၊ မောင်းဆွဲကျေးရွာများသို့ ရေလေးပေခန့် ဝင်ရောက်ခဲ့ပြီး ညောင်ပင်ကွင်းကျေးရွာအနီး သံတွဲ-ဂွ ကားလမ်းပေါ်တွင် ရေအနည်းငယ်ကျော်လျက်ရှိခြင်းနှင့် သံတွဲချောင်း ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၂၁ စုမှ လူဦးရေ ၇၉ ဦးအား ရွှေဆံတော်ဓမ္မာရုံ၌ ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် သေဆုံးသူများအတွက် ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် မင်းလှမြို့နယ်များရှိ ဘေးသင့်ပြည်သူများအား ငွေကျပ် ၁၉၁၁၈၇၁ တန်ဖိုးရှိ ပစ္စည်းနှင့်ငွေများကို ယနေ့တွင် ထောက်ပံ့ခဲ့ပြီး ကျန်နေရာများကိုလည်း ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**
- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၈း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၉)
- ၈း၅၀ "မူပိုင်ခွင့်အကြောင်း သိကောင်းစရာ" (စက်မှုဒီဇိုင်း မူပိုင်ခွင့်ကိုအကာအကွယ်ပေးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ)
- ၉း၅၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီခန့်စည်သူ)
- ၁၀း၃၀ Catch Asia News
- ၁၀း၄၅ ပြည်သူ့နီတိ "ကံဆိုတာအလုပ်" (ပထမပိုင်း) (ဇေယျာထက်နိုင်၊ သူရဇ္ဇ၊ဇော်ဝင်းမောင်၊ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို)
- ၁၁း၁၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "စိန်ယောက်မ"
- ၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၆)
- ၁၃း၁၀ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၁)(နေပြည်တော်) (ပထမပိုင်း)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၀)

**ညပိုင်း**
- ၁၆း၃၅ "မျှော်လင့်ခြင်းရောင်ခြည်"(၂)
- ၁၆း၅၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကျွန်တော်တို့ချစ်သော"
- ၁၇း၀၅ အနုပညာခန်းရိပ်သာ "သတင်းစာဆရာ/စာရေးဆရာ မောင်ဝံသအကြောင်း" (အပိုင်း-၂)
- ၁၇း၂၀ "ရေအသုံးချရေး သုတေသနဌာနစုအကြောင်း သိကောင်းစရာ"
- ၁၇း၃၀ MRTV Travelogue
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကြယ်ကလေးတစ်ပွင့်" (သာထက်၊စိုးထက်၊မင်းသန့်ကို၊ ပန်သုမြင့် မိုရ်၊ မိချမ်း၊ စိန်ပဲကြော်အဖွဲ့) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)]
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ယက်" (အပိုင်း-၁)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊မြနှင်းရည်လွင်၊ ခင်သဇင်၊နေယံ၊ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၆၀)
  - "တောင်သူစီးပွားအလေးထား"
  - ဂီတသမား၊ ဂီတစကား "ပေဖူးလွှာတေးသီချင်း" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
  - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း"(အပိုင်း-၂၃)
  - အစီအစဉ်ပြီး၏။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**
မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၂၇ ရက်တွင် နယ်ခြားမှတ်တိုင် (၄၁) မှ (၄၂)အထိ၊ ဇွန် ၁၀ ရက်တွင် နယ်ခြားမှတ်တိုင် (၄၂) မှ (၄၃) နှင့် နယ်ခြားမှတ်တိုင် (၃၁) မှ (၃၄) အထိ၊ ဇွန် ၁၁ ရက်တွင် နယ်ခြားမှတ်တိုင်(၄၃) မှ (၄၄) အထိ မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၄ ကြိမ်၊ မတ်လတွင် ခုနစ်ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် သုံးကြိမ် စုစုပေါင်းအကြိမ် ၄၀ နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း လေးကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နတ်တလင်းမြို့ရှိ တောင်ညိုရေလှောင်တမံ စိုးရိမ်စရာမရှိ

**နတ်တလင်း ဇွန် ၁၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် နေရာအနှံ့အပြားမိုးသည်းထန်စွာရွာသွန်းမှုကြောင့် အရှေ့ခြမ်းရှိ တောင်ညိုရေလှောင်တမံ မိုးရေချိန်စခန်းမှတိုင်းတာချက်အရ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ၄ ဒသမ ၇၅ လက်မခန့် တိုင်းတာရရှိထားကြောင်း၊ ကန်အတွင်းရေမှတ် A.L ၂၄၄ ဒသမ ၃ ပေမှ R.L ၂၄၅ ဒသမ ၈ ပေသို့ တစ်ပေခွဲခန့်တက်လာကြောင်း၊ တောင်ညိုရေလှောင်တမံ၏ ကန်ရေပြည့်ရေမှတ် R.L ၂၅၅ ပေဖြစ်ပြီး တမံအမြင့်မှာ R.L ပေ ၂၇၀ ဖြစ်သဖြင့် စိုးရိမ်စရာမရှိကြောင်းနှင့် ရေလှောင်တမံပေါ်တွင် ၂၄ နာရီ စောင့်ကြပ်လျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချရေး ဦးစီးအရာရှိ ဦးစဝ်ခွန်ဦးက ပြောသည်။ **၀၇၁**

# ရန်ကင်းမြို့နယ်တွင် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်း ကျင်းပ



**ရန်ကုန် ဇွန် ၁၂**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကို ဇွန် ၈ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း မိုးကောင်းလမ်းထိပ်ရှိ အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းခိုင်၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စုစုခင်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်သိန်းဝင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မူးယစ်တပ်ဖွဲ့စု-၄၁)မှ ရဲအုပ် ချစ်ကိုမြင့်တို့က ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါးတို့၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးများအကြောင်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် ယနေ့လူငယ်တို့အနေဖြင့် ဝိသမလောဘသားတို့၏ သားကောင်ဘဝ မရောက်ရှိစေရေးနှင့် မူးယစ်ဆေးဝါးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် တားဆီးနှိမ်နင်းရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသားလူငယ်တို့က သိလိုသည်များကို ပြန်လည်မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူတို့က ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းသို့ အောင်အကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

# ဆင်သတ်ဂိုဏ်းတရားခံပြေး ဖမ်းဆီးရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

**လှည်းကူး ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ တောဆင်ရိုင်းသတ်ဖြတ်ခံရမှု တရားခံပြေးအား ဖမ်းဆီးရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၁)သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီး ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေနှင့် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလင်းတို့က တောဆင်ရိုင်းသတ်ဖြတ်သည့် ဆင်မုဆိုးအား ရှာဖွေဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက်က ပေါင်းလင်းကြိုးဝိုင်း အကွက်အမှတ်(၄၀) ပျဉ်းမပင်တောစခန်းသဲဝါချောင်းဆုံအနီး တရားခံပြေး အောင်နိုင်စိုးအား ပြောင်းအမှတ်(၄၇-မမ) သစ်တောဒင် ကိုယ်ထည် ၂၈ လက်မ လက်လုပ်တူမီး သေနတ်နှင့်အတူ ဖမ်းဆီးရမိကာ ဖမ်းဆီးရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဝန်ထမ်းများနှင့် သတင်းပေး ဒေသခံပြည်သူများအား ရည်ရွယ်၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ အမှတ်(၁) သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးကြီးဝင်းထွန်းပါ နှစ်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေပါ ၁၃ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်ပါ နှစ်ဦး၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလင်းပါ ၁၂ ဦး၊ Friends Of Wildlife ဒုဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဆွေပါ သုံးဦးနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ၁၂ ဦး စုစုပေါင်း ၅၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**



# ထွက်ပြေးဆိုင်ကယ်မောင်းသူ စွန့်ပစ်ခဲ့သည့် အိတ်အတွင်းမှ ဘိန်းဖြူမှုန့် ၇၉၂ ဂရမ် သိမ်းဆည်းရမိ

**မန်စီ ဇွန် ၁၂**

ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်၌ ဇွန် ၁၀ ရက်တွင် ငွေကျပ် ၄၇၅ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် ညနေ ၅ နာရီက ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်မြင့်ထူးနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မန်စီမြို့နယ် ဗန်းမော်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၂၉၄)၌ မန်စီမြို့နယ် ရီခူးမန်ခန်ကျေးရွာမှ မန်စီမြို့ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်မှာ ရှေ့သို့ ဆက်လက်မောင်းနှင်လာခြင်းမရှိဘဲ ဆိုင်ကယ်မောင်းသူက အိတ်တစ်လုံး စွန့်ပစ်၍ ထွက်ပြေးသွားခဲ့သည်။ အဆိုပါအိတ်အား စစ်ဆေးရာ ရောင်စုံဆပ်ပြာခွက် ၈၈ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် ၇၉၂ ဂရမ် (ငွေကျပ် ၄၇၅၂၀၀၀၀ ခန့်)အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်ကာ စွန့်ပစ်ထွက်ပြေးသွားသူအား မန်စီမြို့မရဲတပ်ဖွဲ့စခန်းက အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဒဂုံမြို့သစ်(ဆိပ်ကမ်း)တွင် သိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၇)ရပ်ကွက် ချင်းတွင်း(၄)လမ်း မ-၃/၁၂(ကျူး)နေ ဒေါ်သင်းသင်း၏နေအိမ်၌ မူးယစ်ဆေးဝါးသုံးစွဲရောင်းချနေကြောင်း သတင်းအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ရှာဖွေဖမ်းဆီးခွင့် ဝရမ်းဖြင့် ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက ဒေါ်သင်းသင်း၊ လူဖေ(ခေါ်)ကျော်စွာထက်၊ အာကာမင်းတို့ သုံးဦးအား တွေ့ရှိ၍ ရှာဖွေရာ ဒေါ်သင်းသင်းကိုင်ထားသည့် ဦးထုပ် တစ်လုံးအတွင်းမှ မူးယစ်ဆေးဝါးရောင်းချရရှိသည်ဟု ယူဆရသည့် ငွေကျပ် ၂၆၅၀၀ ကိုလည်းကောင်း၊ အာကာမင်း၏ ယာလက်အတွင်းမှ မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသည်ဟု ယူဆရသော OPPO အမျိုးအစား ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ နေအိမ်နောက်ဖေးအိပ်ခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်ဆေးပြား ၂၀၊ မူးယစ်ဆေးဝါး ရောင်းချရာတွင် အသုံးပြုသည့် အဖြူရောင်အအေးစုပ်ပိုက် ၁၁ ချောင်းနှင့် ဖြတ်တောက်ပြီး ပိုက်အတိုတစ်ချောင်း၊ ဂက်စ်မီးခြစ် နှစ်လုံးနှင့် ကတ်ကြေး တစ်လက်တို့ကို လည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ပြင် နေအိမ်တံစက်မြိတ်အောက် သစ်သားတန်းပေါ်တွင် အအေးစုပ်ပိုက်ဖြတ်စ ၃၃ ခုအတွင်း ထည့်ထားသော WY စာတန်းပါ ပန်းရောင်ဆေးပြား ၃၅ ပြား၊ အစိမ်းရောင်ဆေးပြား ငါးပြားကိုလည်း ထပ်မံရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၂၈ စီး၊ သွင်းကုန် ၉၆၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃ စီး၊ သွင်းကုန် အစီး ၁၆၀ တို့ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ဖြတ်သန်းမည့် ခရီးသည်တင်ယာဉ်နှစ်စီးနှင့် ရှောင်ကွင်းလမ်းများသို့ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Golf ပစ္စည်းများဖြစ်သည့် Driver Wood (20U)၊ Iron (121 U)၊ Putter (15U)၊ Golf Bags(14 Bags) နှင့် Refined Sugar (1 × 50 Kg) 110 Bags (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၉ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆောင်းပါးရှင် ဦးလှဆွေ တောင်းပန်

**နေပြည်တော် ဇွန် ၁၂**

၁၇-၅-၂၀၁၈ ရက်နေ့ထုတ် Bullet News Journal အတွဲ(၂)၊ အမှတ်(၄၄)၊ စာမျက်နှာ ၁၅ ပါ **"၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲအကြိုဟောကိန်း ဘုလက်မှာတမ်း"** ဆောင်းပါးတွင် **၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဘတ်ဂျက်လျာထားချက် ခွင့်ပြုငွေ ကျပ်သန်း ၁၆၀၀ တွင် ကျပ်သိန်းပေါင်း ၆၁၆၀ အပိုတင်ထားသလိုဖြစ်နေသည်** ဟု မှားယွင်းသုံးသပ်ခြင်း၊ **ရွေးကောက်ပွဲကော်မရှင်၌ NLD ပါတီဝင်တစ်ဦး လျာထားရာတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ အရည်အချင်းနှင့်မကိုက်ညီ၍ တပ်မတော်မှ ကန့်ကွက်ခဲ့သည်** ဟု လည်းကောင်း၊ **ကော်မရှင်သည် USDP ပါတီနှင့်တကွ နိုင်ငံရေးပါတီ ၁၃ ခုက လက်မှတ်ရေးထိုး ကန့်ကွက်လွှာတင်သွင်းခဲ့သည်ကို ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုခုံရုံး ဖွဲ့စည်း၍ ကြားနာစစ်ဆေးဆုံးဖြတ်ခြင်း မပြုလုပ်ခဲ့** ဟု လည်းကောင်း မဟုတ်မမှန် မှားယွင်းဖော်ပြခဲ့သည့်အတွက် ၁၂- ၆- ၂၀၁၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့က ဆောင်းပါးရှင် ဦးလှဆွေအား တွေ့ဆုံခဲ့ရာ ဆောင်းပါးရှင် ဦးလှဆွေက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ဆောင်းပါးပါ မှားယွင်းဖော်ပြချက်များနှင့်ပတ်သက်၍ တောင်းပန်ခဲ့ပြီး ၁၄-၆-၂၀၁၈ ရက် (ကြာသပတေးနေ့)တွင် ထုတ်ဝေမည့် Bullet News Journal စာမျက်နှာ ၁၅ အပေါ်ပိုင်းတွင် တောင်းပန်စာ ထည့်သွင်းဖော်ပြပေးရန်နှင့် နောက်နောင်တွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် မဟုတ်မမှန် မှားယွင်းဖော်ပြရေးသားခြင်း ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ခံကတိပြုခဲ့သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန်နှင့် မြောက်ကိုရီးယား ခေါင်းဆောင်တို့ သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ် ကိုရီးယားကျွန်းဆွယ် အဏုမြူကင်းစင်ရေး ဦးတည်လုပ်ဆောင်ရန် ခေါင်းဆောင်ကင် ကတိပြု

စင်ကာပူ ဇွန် ၁၂

**အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ခြိမ်းခြောက်မှုများကို တစ်နှစ်ကြာမျှ အပြန်အလှန်ပြုလုပ်ခဲ့ကြပြီး မကြုံစဖူး ထူးထူးခြားခြား တွေ့ဆုံဆွေးနွေးမှုပြုလုပ်နိုင်ခဲ့ကြကြောင်း၊ အာဏာလက်ရှိ အမေရိကန် သမ္မတတစ်ဦးအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်ပြီး သမိုင်းဝင် သမိုင်းတွင်ရစ်မည့် ထိပ်သီးဆွေးနွေးပွဲဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။**



စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ဇိမ်ခံဟိုတယ်ကြီးတစ်လုံးတွင် နှစ်ဦးသား မျက်နှာချင်းဆိုင်တွေ့ဆုံချိန်တွင် လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီး ယင်းနောက်တွင် တံခါးပိတ်ဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။

ထိပ်သီးဆွေးနွေးပွဲအပြီးတွင် ခေါင်းဆောင်နှစ်ဦးတို့က သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်ကြရန် ခေါင်းဆောင်နှစ်ဦးတို့က ကတိကဝတ်ပြုကြောင်း ဖော်ပြထားသည်။

"ဒီကနေ့ကျင်းပခဲ့တဲ့ ဆွေးနွေးပွဲအတွက် ကျွန်တော်တို့ အထူးဂုဏ်ယူပါတယ်၊ မြောက်ကိုရီးယား၊ ကိုရီးယားကျွန်းဆွယ်တို့နဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးတစ်ခုလုံးဟာ အတိတ်ကအနေအထားနဲ့ အတော်ကိုခြားနားလာတော့မှာ ဖြစ်ပါတယ်"ဟု သမ္မတထရန့်က ပြောကြားသည်။

"သမိုင်းတွင်မယ့် ဒီကနေ့ ဆွေးနွေးပွဲမှာ ကျွန်တော်တို့ လုံးလုံးလျားလျား အသစ်ဖြစ်တဲ့ အစပျိုးမှုနဲ့ အတိတ်ကို နောက်မှာ ချန်ထားခဲ့တာကို အမှတ်အသားပြုတဲ့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်၊ ကြီးမားတဲ့အပြောင်းအလဲတစ်ခုကို ကမ္ဘာကြီးက မြင်တွေ့ရလိမ့်မယ်"ဟု ခေါင်းဆောင်ကင်က ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်တွင် အဏုမြူလက်နက်ဖျက်သိမ်းရေးကို ဦးတည်လုပ်ဆောင်သွားမည်ဟု မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားလိုက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကလည်း အတုံ့အလှယ်အားဖြင့် လုံခြုံရေး အာမခံချက်ပေးမည်ဟု ကတိပြု ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ်၌ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးအတွက် ပူးတွဲလုပ်ဆောင်သွားရန် ခေါင်းဆောင်နှစ်ဦး သဘောတူညီခဲ့ကြသည်။

ဧပြီလအတွင်း ကိုရီးယားနှစ်နိုင်ငံ ထုတ်ပြန်ခဲ့သော ပန်မွန်ဂျုံကြေညာချက်ကို ထပ်မံအတည်ပြုခဲ့ကြပြီး အလုံးစုံ အဏုမြူလက်နက်ဖျက်သိမ်းရေးကို ဦးတည်လုပ်ဆောင်ရန် မြောက်ကိုရီးယားက ကတိပြုသည်။

ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက် လုံးဝကင်းစင်ရေး ကတိကဝတ်ကို ခေါင်းဆောင်ကင်က ထပ်လောင်းအာမခံခဲ့ပြီး သမ္မတထရန့်က မြောက်ကိုရီးယားနိုင်ငံကို လုံခြုံရေး အာမခံချက်ပေးရန် ကတိပြုခဲ့သည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် အတူတကွ ဖော်ဆောင်ရန်လည်းကောင်း၊ အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ဆက်ဆံရေးသစ်ထူထောင်ပြီး စစ်အတွင်း ပျောက်ဆုံးသွားသူများ၊ စစ်သုံ့ပန်းများ၏ ကြွင်းကျန်ရုပ်အလောင်းများကို ပြန်လည်ရှာဖွေရေးတို့ကိုလည်းကောင်း သဘောတူခဲ့ကြသည်။ ၎င်းအပြင် နောက်ထပ်စေ့စပ်ဆွေးနွေးမှုများ ထပ်မံလုပ်သွားရန် နှစ်ဖက် ကတိပြုခဲ့ကြသည်။

ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ဖျက်သိမ်းရေး လုပ်ငန်းစဉ်ကို အမြန်ဆုံးစတင်နိုင်မည်ဖြစ်ကြောင်း ထိပ်သီးဆွေးနွေးပွဲအပြီး ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် သမ္မတထရန့်က ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် မြောက်ကိုရီးယား တာဝန်ရှိသူများသည် ဖြစ်နိုင်သမျှအမြန်ဆုံးနေ့ရက် သတ်မှတ်ကာ နောက်ဆက်တွဲဆွေးနွေးမှုများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးပျံအင်ဂျင်စမ်းသပ်ရေးစခန်းကို ဖျက်သိမ်းပေးလင့်ကစား လတ်တလောတွင် ယင်းနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများ ဆက်လက်ရှိနေဦးမည်ဟု သမ္မတထရန့်က သတင်းထောက်များအား ပြောကြားသည်။

မိမိတို့၏ ထိပ်သီးဆွေးနွေးပွဲသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် တင်းမာမှုများနှင့် ရန်သတ္တရုပြုမှုများကို ကျော်လွှားလွန်မြောက်နိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

စင်ကာပူ ဆန်တိုဆာကျွန်းရှိ ကက်ပီလာဟိုတယ်၌ ပြုလုပ်သည့် တံခါးပိတ်ထိပ်သီးဆွေးနွေးပွဲမှာ မိနစ် ၄၀ ကြာမြင့်ခဲ့သည်။

ယင်းနောက်တွင် ခေါင်းဆောင်နှစ်ဦးတို့က ၎င်းတို့၏ လက်ထောက်များနှင့်အတူ အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

အလုပ်သဘော နေ့လယ်စာစားပွဲသို့ မြောက်ကိုရီးယားဘက်မှ ကိုရီးယားအလုပ်သမားများပါတီ ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ကင်ယောင်ချူးနှင့် ရီဆုယောင်၊ နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုတို့ တက်ရောက်ခဲ့ကြသည်။ အလားတူ သမ္မတထရန့်နှင့်အတူ အိမ်ဖြူတော်ရုံးအဖွဲ့မှူးဂျွန်ကယ်လီ၊ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့ တက်ရောက်ခဲ့ကြသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်သော်နီယိုဂူတဲရက်ရှ်က အထူးတလည် ချီးကျူးပြောဆိုခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့အကြား သံတမန်ရေးဖြေရှင်းချက် ရရှိရန် ကြိုးပမ်းခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမှုဖြစ်ရကြောင်း ဂူတဲရက်ရှ်က ထိပ်သီးဆွေးနွေးပွဲမကျင်းပမီ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ၊ ကျိုဒို**

## တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ရပ်ဆိုင်းမည်ဟု သမ္မတ ထရန့် ပြောကြား

**စင်ကာပူ ဇွန် ၁၂**

တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇွန် ၁၂ ရက်တွင် ပြောကြားလိုက်သည်။ အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ဇွန် ၁၂ ရက် သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲအပြီးတွင် သမ္မတထရန့်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကက်ပီလာဟိုတယ်တွင် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ထိပ်သီးဆွေးနွေးမှုအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ရပ်ဆိုင်းမည်ဆိုခြင်းမှာ တောင်ကိုရီးယားနိုင်ငံ၌ လက်ရှိဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေး အစီအစဉ်၏ အစိတ်အပိုင်းမဟုတ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။ မိမိတို့အနေဖြင့် တောင်ကိုရီးယားနှင့် စစ်ရေးလေ့ကျင့်မှုများရပ်ဆိုင်းမည်ဖြစ်သော်လည်း အနာဂတ်ကိုမူ မျှော်ကြည့်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ အဆင်ပြေချောမွေ့နေသမျှ ပူးတွဲစစ်ရေး လေ့ကျင့်မှုများကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အမေရိကန် သမ္မတက ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှုပြုလုပ်ရခြင်းများသည် ကုန်ကျစရိတ်ကြီးမားလှပြီး ရန်စလှုံ့ဆော်ရာကျကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် မြောက်ကိုရီးယားနိုင်ငံအား ကျူးကျော်မှုပြုရန်အတွက် ဝတ်စုံပြည့် စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားက တစ်သမတ်တည်းစွပ်စွဲရှုတ်ချလာခဲ့သည်။ **ဆင်ဟွာ**





## စင်ကာပူနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအပေါ် လေ့လာလိုသည့် ဆန္ဒရှိဟု မြောက်ကိုရီးယားခေါင်းဆောင် ပြောကြား

**ပြုံယမ်း ဇွန် ၁၂**

စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေမှု နည်းလမ်းများကို မိမိအနေဖြင့် လေ့လာလိုသည့် ဆန္ဒရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားလိုက်ကြောင်း ကိုရီးယားဗဟိုသတင်းဌာန (ကေစီအန်အေ)က ဇွန် ၁၂ ရက် သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဇွန် ၁၁ ရက်က စင်ကာပူမြို့ပြနိုင်ငံ၏ ဆွဲဆောင်မှုရှိသည့် နေရာအချို့သို့ အလည်အပတ်သွားရောက်စဉ်အတွင်း စင်ကာပူနိုင်ငံသည် မိမိယခင်က ကြားဖူးခဲ့သည့်အတိုင်း သန့်ရှင်းခြင်း၊ လှပကြော့ရှင်းခြင်းနှင့် အဆောက်အအုံများ ခေတ်ဆန်ခြင်းတို့ရှိသည်ဟု ပြောကြားခဲ့ကြောင်း ကေစီအန်အေ သတင်းတွင် ဖော်ပြသည်။

မိမိ၏ ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်တိုးတက်မည့် အလားအလာတို့ကို သိမြင်ခဲ့ရကြောင်း ကင်က ပြောကြားခဲ့ပြီး စင်ကာပူနိုင်ငံအပေါ် အကောင်းမြင်သော သဘောထားကို ဖော်ပြခဲ့ကြောင်း ကေစီအန်အေသတင်းက ကောက်နုတ်ဖော်ပြသည်။ ဇွန် ၁၂ ရက်တွင် ပထမဆုံးအကြိမ် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတက်ရောက်ရန် စင်ကာပူသို့ ရောက်ရှိနေခဲ့သည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် မဟာပန်းဥယျာဉ်၊ မာရီယာနာ ပင်လယ်အော် သဲသောင်ပြင်ရှိ ကောင်းကင်ပန်းခြံ နှင့် စင်ကာပူပင်လယ်ဆိပ်ကမ်းတို့သို့ သွားရောက်လည်ပတ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# ၂၀၁၈ ကမ္ဘာ့ဖလားနှင့်ပတ်သက်သမျှ အပိုင်း(၃)

**ကမ္ဘာ့ဖလားဆိုတာ ဂုဏ်သိက္ခာအကြီးဆုံးပြိုင်ပွဲဖြစ်သလို လေးနှစ်မှတစ်ကြိမ်သာ ကျင်းပတာကြောင့် ဒီပြိုင်ပွဲကြီးနဲ့ပတ်သက်သမျှ အချက်အလက်တိုင်းဟာ ထူးခြားမှုရှိတယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ယခုဆိုရင် ကမ္ဘာ့ဖလားကျင်းပဖို့ နီးကပ်လာပြီဖြစ်တာကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ သက်ဆိုင်တဲ့ အရေးကြီးအချက်အလက်တွေကို ကြေးမုံပရိသတ်တွေအတွက် ကောက်နုတ်တင်ဆက်လိုက်ပါတယ်။**


## အသင်းကြီးတွေနဲ့ စူပါစတားအချို့ လွဲချော်ခဲ့တဲ့ ကမ္ဘာ့ဖလား

ဒီနှစ်ကမ္ဘာ့ဖလားမှာ ကမ္ဘာ့ချန်ပီယံ လေးကြိမ်ဖြစ်ဖူးတဲ့ အီတလီဟာ ၁၉၅၈ ကမ္ဘာ့ဖလားနောက်ပိုင်း ပထမဦးဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ခြင်းမရှိတာကြောင့် မီဒီယာစာမျက်နှာများထက် အီတလီအသင်းရဲ့ ကျဆုံးမှုတွေအကြောင်း တခမ်းတနားဖော်ပြခဲ့ကြပါတယ်။ အီတလီလိုပဲ ဒီနှစ် ကမ္ဘာ့ဖလားကို လွဲချော်ခဲ့တဲ့ အသင်းကြီးအချို့လည်းရှိနေပြီး သုံးကြိမ်တိုင် ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရတဲ့ နယ်သာလန်၊ အာဖရိက ချန်ပီယံ ကင်မရွန်း၊ ကိုပါအမေရိကချန်ပီယံ ချီလီ၊ ကွန်ကာကပ်ဖ်ချန်ပီယံ အမေရိကန်၊ သမုဒ္ဒရာပိုင်းဇုန်ချန်ပီယံ နယူးဇီလန်အပြင် ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့ အိုင်ဗရီကို့စ်နဲ့ ဂါနာအသင်းတို့ဟာ ကမ္ဘာ့ဖလားနဲ့ လွဲချော်ခဲ့ကြပါတယ်။

ဒီလိုအသင်းကြီးအချို့ ခြေစစ်ပွဲမအောင်မြင်ခဲ့တာကြောင့် ဆန်းချက်ဇ်၊ အာဂျန်ရော်ဘင်၊ အာလာဘာ၊ ဇက်ကို၊ ဂါရတ်ဘေးလ်၊ ဗန်ဒိုက်နဲ့ ဘူဖွန်တို့လို နာမည်ကျော်အချို့လည်း ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်ခွင့်မရခဲ့ကြပါဘူး။ မိခင်နိုင်ငံအသင်းက ခြေစစ်ပွဲ အောင်ပေမယ့်လည်း နည်းပြတွေရဲ့ ချန်လှပ်မှုကြောင့် ဘင်ဇီမာ၊ လာကာဇက်၊ နိုင်ဂိုလန်၊ ဆာနေးနဲ့ ဝီရှိုင်းယားတို့လို ကစားသမားတွေလည်း ကမ္ဘာ့ဖလားနဲ့ လွဲချော်ခဲ့ကြပါတယ်။








## ၂၀၁၈ ကမ္ဘာ့ဖလားသီချင်း

၂၀၁၈ ကမ္ဘာ့ဖလားသီချင်းအဖြစ် အသုံးပြုမယ့်သီချင်းက ဝီလ်စမစ်သ်၊ နီကီဂျမ်နဲ့ အီရာအစ်တီဖိတို့ သီဆိုထားတဲ့ "Live it up" ပါ။ ဒီသီချင်းကို မေ ၂၅ ရက်က စတင်ထုတ်လွှင့်ခဲ့ပြီး ကမ္ဘာ့ဖလားဂီတဗီဒီယိုကတော့ ဇွန် ၇ ရက်ကမှ ထွက်လာတာဖြစ်ပါတယ်။ အားကစားပြိုင်ပွဲတွေမှာ အသုံးပြုတဲ့ တရားဝင်သီချင်းတွေရဲ့ ထုံးစံအတိုင်း မြူးကြွမှုရှိပေမယ့် ၂၀၁၀ ကမ္ဘာ့ဖလားမှာ အသုံးပြုခဲ့တဲ့ "Waka Waka" လိုတော့ ပရိသတ်ကြားမှာ ရေပန်းစားမှု သိပ်မရှိပါဘူး။

မေလွဲသင်း-ရေးသားသည်

## ဘယ်သူတွေက ရွှေဘောလုံးဆုနဲ့ ရွှေဖိနပ်ဆုရယူသွားနိုင်မလဲ

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုအပြင် တစ်ဦးချင်းစွမ်းဆောင်ရည်အလိုက် ပေးအပ်တဲ့ ရွှေဘောလုံးဆု (အကောင်းဆုံးကစားသမားဆု)၊ ရွှေဖိနပ်ဆု(ဂိုးသွင်းဘုရင်ဆု)နဲ့ ရွှေလက်အိတ်ဆု (အကောင်းဆုံးဂိုးသမားဆု)၊ အကောင်းဆုံးလူငယ်ကစားသမားဆုတွေကို ပေးအပ်လေ့ရှိပါတယ်။ ရွှေဘောလုံးဆုအတွက် ရေပန်းအစားဆုံး နံပါတ်(၁) နေရာမှာ ရှိနေတာက ဘရာဇီးတိုက်စစ်မှူး နေမာဖြစ်ပြီး သူ့နောက်မှာတော့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၊ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ရွှေဘောလုံးဆုရှင် မက်ဆီက ဒီနှစ်မှာလည်း အကောင်းဆုံးကစားသမားဆု ထပ်ရဖို့ ရေပန်းစားနေတာဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းကစားသမားတွေ အပြိုင်ကြဲကြမယ့် ကမ္ဘာ့ဖလားမှာ ဘယ်သူတွေက အကောင်းဆုံးကစားသမားဆုကို ရယူသွားမလဲဆိုတာ စိတ်ဝင်စားစရာအကောင်းဆုံး အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။

ရွှေဖိနပ်ဆုအတွက် ရေပန်းစားမှုမှာတော့ မက်ဆီက နံပါတ်(၁)၊ နေမာက နံပါတ်(၂)အဖြစ် ပြောင်းသွားခဲ့ပြီး တတိယနေရာမှာတော့ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းက ရှိနေပါတယ်။ ရွှေဖိနပ်ဆုကို ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားရွှေဖိနပ်ဆုရှင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကတော့ ဂိုးသွင်းဘုရင်ဆုအတွက် ရေပန်းစားမှုအဆင့် ထိပ်တန်း ၁၀ ဦးစာရင်းတောင် ဝင်ရောက်ခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် ဂျာမနီ၊ စပိန်တို့လို အသင်းလိုက်စုစည်းမှုနဲ့ ကစားတဲ့ ကစားသမားတွေဟာ ရေပန်းစားမှုအဆင့်မှာ ထိပ်တန်းနေရာမှာ ပါဝင်ခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။ ရွှေလက်အိတ်ဆုအတွက်တော့ ယမန်နှစ်ဆုရှင် နျူအာကသာ ဆက်လက်ရေပန်းစားနေဆဲ ဖြစ်ပါတယ်။ နျူအာဟာ ဒီနှစ်ဘောလုံးရာသီမှာ ကာလရှည် အနားယူနေရပြီး ဘာစီလိုနာဂိုးသမား တာစတီဂန်ကိုပဲ ဂျာမနီနည်းပြ ဂျိုအာချင်လို ပွဲထွက်အသုံးပြုသွားမလား စဉ်းစားစရာရှိပေမယ့် ရွှေလက်အိတ်ဆုအတွက် ရေပန်းစားမှုမှာတော့ နျူအာကသာ ထိပ်ရောက်နေတာ ဖြစ်ပါတယ်။



# ရှုထောင့်ပြောင်း၍ကြည့်ပါ

ခင်မောင်ငွေး(ပညာရေး)

စာရေးသူ B.Ed သင်တန်းတက်စဉ်က ဖြစ်သည်။ ပန်းချီဆရာ ဆရာကြီးလှတင်ထွန်းနှင့် ဆုံတွေ့ခွင့်ရခဲ့သည်။ မိမိမှာ ပန်းချီဆွဲတတ်သူမဟုတ်။ သူငယ်ချင်းဇော်လွင်မြင့်က ပန်းချီဝါသနာအိုး။ ဆရာကြီးလှတင်ထွန်းထံ အမြဲသွားလေ့ရှိသည်။ ဆရာကြီးက ကျောင်းပိတ်ရက်ဆိုလျှင် ရွှေတိဂုံသို့ သွားလေ့ရှိသည်။ ဇော်လွင်မြင့်က သယ်ပိုးစရာရှိလျှင် ဆရာကြီးနောက်က တကောက်ကောက်။ ထိုနှစ်က သတ္တမအကြိမ် ဆရာအတတ်သင် ဘက်စုံပြိုင်ပွဲတွင် ဇော်လွင်မြင့်က ပန်းချီ ပထမ(ရွှေ)၊ စာရေးသူက ကဗျာ(ရွှေ)ယူ၍ အမိပညာရေးတက္ကသိုလ်၏ဂုဏ်ကို ဆောင်ခဲ့ဖူးသည်။

အဓိက ပြောချင်သည်မှာ ဆရာကြီး ပန်းချီဆွဲထွက်လျှင် (outdoor) အခြားနေရာမဟုတ် ရွှေတိဂုံသာဖြစ်၏။ ဆရာကြီးက ပြောသေးသည်။ ရွှေတိဂုံဘုရားက ငါ့ကို ထမင်းအများကြီး ကျွေးတယ်ဟူ၍။ စင်စစ်ဆရာကြီးသည် ရွှေတိဂုံပုံကို အမြဲဆွဲလေ့ရှိသည်။ သို့သော် ရှုထောင့်ကမတူ။ ရှုထောင့်မတူ၍ အမြင်မတူ။ သို့ဖြစ်၍လည်း ဆရာကြီး၏ ရွှေတိဂုံပုံ ပန်းချီကားများသည် ရိုးသည်ဟူ၍မရှိ။ အမြဲဆန်းပြား သစ်လွင်နေခြင်းသာဖြစ်၏။ လူတိုင်းစွဲမက်စရာ ဖြစ်နေခြင်းပင်။

**ရှုထောင့်အမျိုးမျိုး**

အဓိက ဆိုလိုချင်သည်မှာ ရှုထောင့်တစ်ခုတည်းကို တရားသေစွဲကိုင်၍ မကြည့်ဖို့၊ မလေ့လာဖို့၊ မသုံးသပ်ဖို့၊ မပြောဆိုဖို့ ဆိုလိုနေခြင်းပင်ဖြစ်သည်။ လောကတွင် လူတို့သည် အကောင်းမြင်ရှုထောင့်မှ ရှုမြင်သုံးသပ်ကြသကဲ့သို့ အဆိုးမြင်ရှုထောင့်မှလည်း ရှုမြင်သုံးသပ်တတ်ကြသည်။ အချို့မှာ မည်သို့သော အခြေအနေ အချိန်အခါမျိုးဖြစ်နေပါစေ၊ အကောင်းမြင်ရှုထောင့်မှာသာ အမြဲမြင်လေ့ရှိ၏။ အချို့မှာမူ အမြဲတမ်းပင် အဆိုးမြင်ရှုထောင့်မှ ရှုမြင်သုံးသပ်တတ်ကြသည်။ စင်စစ်ရှုထောင့် တစ်မျိုးတည်းမှ အစဉ်အမြဲရှု၍ ဝေဖန်သုံးသပ်နေခြင်းသည်လည်း အမြဲတမ်းကောင်းမွန်နေသည်တော့မဟုတ်။ အခြေအနေ အချိန်အခါပေါ်လိုက်၍ ရှုထောင့်အမျိုးမျိုး ပြောင်းလဲကြည့်မြင်သုံးသပ်ခြင်းသည်သာ သင့်မည်ထင်ပါသည်။

ဆိုကြပါစို့ မိုးရွာလျှင်၊ လေတိုက်လျှင် လျှပ်စစ်မီးပျက်တတ်သည်မှာ သဘာဝပါ။ စာရေးသူတို့ အညာတွင် မိုးဦးကာလဆိုလျှင် မိုးရောလေပါပြင်းထန်တတ်ပါသည်။ သို့ဖြစ်၍ အနောက်မြောက်ဆီက မိုးညိုလာပြီဆိုလျှင် မိုးရွာတော့မည်မှာ သေချာပေါက်တွက်ဆနိုင်သည်။ ထိုအချိန်တွင် ကြိုတင်ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ထားရ၏။ ဥပမာ - မီးခြစ်၊ ဖယောင်းတိုင် ရှာထားရသည်။ ထင်း၊ မီးသွေးနှင့် ချက်ပြုတ်လျှင် ကြိုတင်ငြိမ်းသတ်ထားရသည်။ အကြောင်းမှာ လျှပ်စစ်မီးကြိုတင်ဖြတ်တောက်ထားမည်မှာ သေချာသည်။ မြို့လူထုက သိပြီးသား။ ယင်းအပေါ်တွင် မည်သူမျှ စောဒကတက်ကြသူ မရှိခဲ့ပေ။

**အလျှင်စလို ကောက်ချက်မချသင့်**

ရန်ကုန်တွင် စာရေးသူတို့ရောက်စ (လွန်ခဲ့တဲ့ ၁၀နှစ်) က မိုးရွာလျှင် မီးမပျက်။ အညာသား စာရေးသူတို့အဖို့ အထူးအဆန်းသဖွယ်။ သို့သော် ဒီဘက်ခေတ်တွင် မိုးသက်လေပြင်းဖြစ်လာပြီဆိုလျှင် လျှပ်စစ်မီးပြတ်သွားတတ်သည်။ မိုးလေငြိမ်မှ မီးပြန်လာသည်။ လူတွေလူတွေ။ ခေတ္တခဏလေး မီးပြတ်သွားသည်ကိုပင် Fb ပေါ်မှာ အမျိုးမျိုး ဝေဖန်သုံးသပ်နေကြသည်ကို တွေ့ရ၏။ စင်စစ်မိုးရောလေပါ တိုက်ခတ်လာလျှင် မီးဖြတ်ထားခြင်းသည်သင့်သည်။ လေကြောင့် သစ်ပင်ကျိုးနိုင်သည်။ သွယ်တန်းထားသည့် မီးကြိုးများ ပြတ်နိုင်သည်။ ရှော့ခ်ဖြစ်နိုင်သည်။ တစ်နေ့ကမိုးနှင့်လေပါသောမိုးရွာချသည်။ လျှပ်စစ်မီးက မဖြတ်သေး။ ထူးဆန်းနေသလိုပင်။ အချိန်သိပ်မကြာလိုက်ပါ။ လမ်းထိပ်က ထရန်စဖော်မာအသံမြည်ဟည်းကာ မီးပြတ်သွား၏။ ညမှောင်မှောင် လရောင်ပင်မရှိ။ တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံး ငြိမ်ကျသွား၏။ ကြိုတင်မီးဖြတ်ထားလျှင် ပူညံပူညံနဲ့ ပြောချင်ဆိုချင်ကြသည်။ ယခုမူ မှောင်နဲ့ မည်းမည်း။

ဆိုလိုချင်သည်မှာ အကြောင်းအရာအခြေအနေတစ်ရပ်ကြောင့် ဖြစ်ပေါ်လာသည့် အမှုကိစ္စ တစ်ခုပေါ်တွင် အလျှင်စလို ကောက်ချက်မချသင့်ပေ။ အမြဲတမ်းအဆိုးမြင်ရှုထောင့်မှ ကြည့်၍ သုံးသပ်ပြောဆိုနေရုံဖြင့် ပြဿနာ ပြေလည်သွားနိုင်မည်လည်း မဟုတ်ပေ။ မိုးရွာသည်ဖြစ်စေ လေကြမ်းသည်ဖြစ်စေ မိမိတစ်အိမ်မီးလာဖို့အရေးထက် ခေတ္တခဏသည်းခံ စောင့်ဆိုင်းခြင်းက တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံးအတွက် ပိုပြီးအဆင်ပြေနိုင်မှာမဟုတ်ပါလား။

စင်စစ် လူဆိုသည်က တစ်ဦးတည်း နေ၍ရသည်မဟုတ်။ အစုအဖွဲ့နှင့်နေရသည်။ အစုအဖွဲ့နှင့်အလုပ်လုပ်ကြရသည်။ အစုအဖွဲ့နှင့် ဆုံးဖြတ်ရသည်။ အကောင်အထည်ဖော်ကြရသည်။ ယင်းကိုပင် ဒီမိုကရေစီစံနှုန်းများအဖြစ် သတ်မှတ်နေကြခြင်းဖြစ်သည်။ ယင်းသို့ အစုအဖွဲ့တွေနှင့် လုပ်ရသည့်အခါ ကိုယ်တစ်ဦးတည်း အမြင်သဘောဆန္ဒ ကိုယ်သဘောကျ မဖြစ်ရုံနှင့် ယင်းကို အဆိုးမြင်ရှုထောင့်က မမြင်သင့်ပေ။ ထိုထက်ပိုဆိုးသည်က ကိုယ့်အမြင် ကိုယ့်ခံယူချက်ကြောင့် တစ်စုတစ်ဖွဲ့၏ ဂုဏ်သိက္ခာကို မထိပါးစေသင့်ပေ။

**ဥပဒေနဲ့အညီ ဆောင်ရွက်**

လူတိုင်းလူတိုင်း ပြောင်းလဲနေသည့် ခေတ်စနစ်ကို မျက်ခြည်ပြတ်၍ မရပါ။ ကမ္ဘာကြီးက အိုင်တီနည်းပညာဖွံ့ဖြိုးမှုနှင့်အတူ အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲနေလေသည်။ ကမ္ဘာလောကကြီးထဲမှာ အသက်ရှင်နေထိုင်ဖို့ဆိုလျှင် ပြောင်းလဲမှုဖြစ်စဉ်များနှင့် အညီ လိုက်ပါစီးမျောနိုင်မှ ဖြစ်ပါလိမ့်မည်။ ထို့ပြင် ယင်းနိုင်ငံသည် ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာကျင့်ကြံသည့်နိုင်ငံဆိုလျှင် ဒီမိုကရေစီကျင့်စဉ်များနှင့် ယဉ်ပါးနေဖို့လိုပါသည်။ အများသိပြီးဖြစ်သည့်အတိုင်း ဒီမိုကရေစီဆိုသည်မှာ လူအများ၏ဆန္ဒကို အလေးထားသည်။ ထို့ကြောင့်လည်း ယနေ့ လွှတ်တော်အရပ်ရပ်တွင် သဘောထားအမြင်များ အမျိုးမျိုးကွဲပြားလာသည့်အခါ အများစု၏ သဘောတူညီမှုကို အလေးထားဂရုပြုနေခြင်းပင်ဖြစ်သည်။

ဆိုရလျှင် ဒီမိုကရေစီဆိုသည်မှာ လွတ်လပ်ခြင်းကို အထူးပြုဖော်ညွှန်းလေသည်။ ထို့ကြောင့် ဒီမိုကရေစီခေတ်တွင် လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်၊ စီတန်းလမ်းလျှောက်ခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ တောင်းဆိုပိုင်ခွင့်များသည် တန်းတူညီမျှရှိနေလေသည်။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်လည်း ရှိသည်။ သို့သော် မည်သို့ထိန်းချုပ်ထားသနည်းဆိုလျှင် အများဆန္ဒသဘောထားရယူခြင်းဖြင့် ထိန်းထားလေသည်။ လက်တွေ့ပြုမူဆောင်ရွက်မှုများကိုမူ ဥပဒေနဲ့အညီ ဆောင်ရွက်ရလေသည်။

**ရှုထောင့်စုံ**

ဆိုလိုသည်မှာ လွတ်ချင်သလိုလွတ်၊ လပ်ချင်သလိုလပ်ပြီး ကွဲချင်တိုင်း ကွဲလွဲနေသည့် သဘောထားအမြင်မျိုးကိုမူ အသိအမှတ်ပြုပေးဖို့ ခွင့်ပြုနိုင်မည်မဟုတ်ပေ။

ဆိုရလျှင် မိမိ မိသားစုအတွင်းမှာပင် မိမိသည် အိမ်ထောင်ဦးစီးဆို၍ ငါတကော ကော၍မရနိုင်ပါ။ ငါ့အမြင် ငါ့သဘောထားအတိုင်း ဖြစ်ရမည်ဟူ၍လည်း မရနိုင်ပါ။ သားသမီးများက အရွယ်ရောက်လာကြ၍ ခေတ်အမြင် ခေတ်သဘောတရားများ သူတို့တွင်လည်း ရှိနေလေပြီ။ ယင်းအမြင်သဘောထားများကို မျက်ကွယ်ပြု၍ မရနိုင်ပါ။ ၎င်းတို့ဘက်ကနေ၍လည်း ရှုထောင့်ပြောင်းကြည့်ပေးရန်လိုပါသေးသည်။ ဆိုလိုသည်မှာ အိုင်တီခေတ်ကြီးထဲတွင် ဘိုးတော်မင်းတရားလက်ထပ်က ဥပမာများသည် ခေတ်စားချင်မှ စားပါလိမ့်မည်။ ငါအိမ်ထောင်ဦးစီးပဲဆိုသည့် တစ်သွေးတစ်သံ တစ်မိန့်နှင့် လုပ်မည်ဆိုလျှင်လည်း သားသမီးများကမူ ပြောချင်မှပြောပါလိမ့်မည်။ သို့သော် သူတို့လျှောက်မည့်လမ်းကိုသူတို့ဆက်ပြီး လျှောက်သွားကြပါလိမ့်မည်။ သူတို့တွေဝေနေမည် မဟုတ်ပါ။ တွန့်ဆုတ်နေမည်မဟုတ်ဘူးဆိုသည်ပင်။

ထို့ကြောင့် မည်သည့်နေရာ မည်သည့်ဌာနပင်ဖြစ်ဖြစ်မည်ကဲ့သို့ အဖွဲ့အစည်းမျိုးမှာပင်ဖြစ်ဖြစ် အများနှင့်ဆောင်ရွက်ရမည်ဆိုလျှင် ရှုထောင့်တစ်မျိုးတည်းက မကြည့်မိ၊ မဆုံးဖြတ်မိကြပါစေနှင့်။ ရှုထောင့်စုံက ကြည့်နိုင်လေ အောင်မြင်မှုလမ်းစ ပိုများလေလေပဲဆိုသည့် အတွေးအမြင် ပိုမိုသိမြင်လာနိုင်ပါသည်။ ငါနဲ့မတူ ငါ့ရန်သူဆိုသည့် ရှုမြင်သုံးသပ်မှုများသည် ၂၀ ရာစု ဒီမိုကရေစီလျှောက်လမ်းတွင် စွန့်ပစ်ရတော့မည့် စိတ်နှလုံးသားတွင် တွယ်ကပ်နေသည့် အမှိုက်သရိုက်များဟုပင် ဆိုရပေတော့မည်။ ။

> “အများနှင့်ဆောင်ရွက်ရမည်ဆိုလျှင် ရှုထောင့်တစ်မျိုးတည်းက မကြည့်မိ၊ မဆုံးဖြတ်မိကြပါစေနှင့်။ ရှုထောင့်စုံက ကြည့်နိုင်လေ အောင်မြင်မှုလမ်းစ ပိုများလေ . . .”

## ကျောက်တံခါးမြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၂၀၀၀၀ ကျော် ထွန်ယက်စိုက်ပျိုး

**ကျောက်တံခါး ဇွန် ၁၂**

မိုးဖြိုင်ဖြိုင်ရွာနေပြီဖြစ်၍ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌တောင်သူများကိုယ်စီ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်ကာ ထွန်ယက်စိုက်ပျိုးနေကြပြီ ဖြစ်သည်။

ကျောက်တံခါးမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၅၄ အုပ်စုရှိပြီး တောင်သူပေါင်း ၁၉၉၀၀ ရှိ၍ မိုးစပါးစိုက်ဧက ၁၂၅၀၀၀ ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

“အခုတစ်လော မိုးကလည်း အဆက်မပြတ်ရွာတာကြောင့် ကျွန်တော်တို့တောင်သူတွေအားလုံး လယ်ယာလုပ်ငန်းခွင်ကို ဝင်ရောက်ပြီး စပါးတွေအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်အောင်ဆောင်ရွက်နေကြပါပြီ၊ အရင်ကတော့ ကျွဲ၊ နွားတွေနဲ့ ထွန်ယက်စိုက်ပျိုးခဲ့ကြပါတယ်၊ အခုတော့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို အသွင်ကူးပြောင်းလာခဲ့ပြီမို့ အများဆုံးကတော့ တောင်သူတွေအနေနဲ့ ထွန်စက်ကြီးတွေ၊ ၂၂ ကောင် လယ်ယာသုံး စက်ကိရိယာတွေနဲ့ ထွန်ယက်စိုက်ပျိုးကြပါတယ်၊ အခုတော့ ပျိုးနုတ်၊ ကောက်စိုက်ဆိုတာနည်းသွားပါပြီ၊ မိုးကြိုထယ်ရေးမောင်းပြီး အခြောက်စပါးကြဲခင်းတွေ၊ အခုလက်ရှိ ထယ်မောင်း၊ ထွန်မွှေ၊ မြက်ကောက်ပြီး စပါးကြဲခင်းတွေနဲ့ အများဆုံး စိုက်ပျိုးကြပါတယ်၊ အထွက်နှုန်းကလည်း တစ်ဧက စပါးတင်း ၈၀ အနည်းဆုံးထွက်တာမို့ စပါးဈေးကောင်းရင် တောင်သူတွေအနေနဲ့ တွက်ခြေကိုက်ပါတယ်” ဟု ဇောဓိကွင်းကျေးရွာအုပ်စု စဉ်းအိုးလှကျေးရွာမှတောင်သူ ဦးရဲထွန်းက ပြောသည်။

ခင်ကို(ကျောက်တံခါး)



## လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေထုတ်ချေး

**သန်လျင် ဇွန် ၁၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သန်လျင်မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၂၂ ရွာအနက် ဝင်းခနီးကျေးရွာတွင် ချေးငွေအောင်မြင်သူ ၂၅၈ ဦးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေကျပ် ၃၈၃၀၀၀၀၀ကို ကျေးရွာရန်ပုံ ငွေကြီးကြပ်မှုကော်မတီများက ဇွန် ၇ ရက်တွင် ထုတ်ချေးပေးရာ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစု မွန်ဝင်းနှင့် တာဝန်ကျ ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

အောင်ကျော်ဦး

## MPT-University Football Tournament ၂၀၁၈တက္ကသိုလ်ပေါင်းစုံ(အထက်မြန်မာပြည်) ဇုန်အလိုက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၂**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်နှင့် အဆင့်မြင့်ပညာဦးစီးဌာနနှင့် MPTတို့ ပူးပေါင်းကျင်းပသည့် MPT University Football Tournament 2018 တက္ကသိုလ်ပေါင်းစုံ(အထက်မြန်မာပြည်)ဇုန်အလိုက် နောက်ဆုံးအမျိုးသားဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇွန် ၁၁ ရက် ညနေ ၄ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး တက္ကသိုလ်ဘောလုံးဆပ်ကော်မတီဥက္ကဌ ဒေါက်တာတင်ထွန်းအောင်နှင့်တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မြန်မာနေရှင်နယ်လိဂ်မှ ဦးဆူးအောင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာဦးဌေးလှ၊ မန္တလေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးဆပ်ကော်မတီမှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းသားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဇုန်အလိုက်အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် မန္တလေးဇုန်အသင်းနှင့် မုံရွာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးဇုန်အသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ MPT Joint Operationမှ ဦးနိုင်ကိုကို၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များက တစ်ဦးချင်းအကောင်းဆုံးဆု၊ ဆုကြေးငွေနှင့် တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်သည်။

ဇုန်အလိုက်အမျိုးသားပြိုင်ပွဲတွင် မန္တလေးဇုန်က ပထမ၊ မုံရွာဇုန်က ဒုတိယ၊ မြစ်ကြီးနားဇုန်က တတိယရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် မုံရွာဇုန်က ပထမ၊ မြစ်ကြီးနားဇုန်က ဒုတိယ၊ မကွေးဇုန်က တတိယရရှိသည်။ အမျိုးသား အကောင်းဆုံးအားကစားသမားဆုကို စိုးမင်းနောင်(မန္တလေးဇုန်)နှင့် အမျိုးသမီး အကောင်းဆုံးအားကစားဆုကို မနှင်းအေးမော် (မုံရွာဇုန်)တို့က ရရှိကြသည်။ နေရာအလိုက် အကောင်းဆုံးအားကစားသမားများအား ရွေးချယ်၍ ၂၀၁၈ ဒီဇင်ဘာလတွင် နေပြည်တော်၌ကျင်းပမည့် အာဆီယံတက္ကသိုလ်များ ဘောလုံး ပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များ အဖြစ် ရွေးချယ်လေ့ကျင့်သွားမည်ဖြစ် ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## တောင်တွင်းကြီးမြို့နယ်၌ နှစ် ၂၀ အတွင်း မိုးရေချိန် စံချိန်သစ်ရွာသွန်း

**တောင်တွင်းကြီး ဇွန် ၁၂**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဇွန် ၁၂ ရက်က မိုးရေချိန် ၃ ဒသမ ၅၈ လက်မ ရွာသွန်းခဲ့ကြောင်း တောင်တွင်းကြီးမြို့ မိုးလေဝသတိုင်းထွာရေးစခန်း မှတ်တမ်းများအရ သိရသည်။

၁၉၉၈ ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ နှစ် ၂၀ အတွင်း တစ်ရက်တည်း အများဆုံးမိုးရေချိန်အဖြစ် ၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်က မိုးရေချိန် ၃ ဒသမ ၂၃ လက်မ ရွာသွန်း၍ စံချိန်တင်ခဲ့ရာမှ ယခု ၂၀၁၈ခုနှစ် ဇွန် ၁၂ ရက်က မိုးရေချိန် ၃ ဒသမ ၅၈ လက်မ ရွာသွန်းခဲ့သဖြင့် နှစ် ၂၀ အတွင်း မိုးရေချိန်စံချိန်သစ်တင်ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။

ထိုသို့ မိုးများအဆက်အပြတ် ရွာသွန်းခြင်းကြောင့် စက်စက်ယိုချောင်းရေမှာ တောင်ပြင် (၁)ရပ်ကွက်၊ အုန်းတော (၂)ရပ်ကွက်တို့မှ အနိမ့်ပိုင်းရှိနေအိမ် ၃၀၀ ခန့်သို့ ရေအနက် တစ်ပေမှ နှစ်ပေခန့်အထိ ရေများဝင်ရောက်ခဲ့သော်လည်း နေအိမ်များ ပြောင်းရွှေ့မှုမရှိသေးကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသော လုပ်ငန်းများကို ဖော်ထုတ်

**ဟားခါး ဇွန် ၁၂**
ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် DaNa Facility တို့ ပူးပေါင်း ကျင်းပသည့် ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော မဟာဗျူဟာများ ချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်စီမံကိန်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်လာစေရန်အတွက် လိုအပ်သော မဟာဗျူဟာများ ကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မိမိ၏ ဌာနနှင့် ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုပြုနိုင်မည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသော လုပ်ငန်းများကို ဖော်ထုတ်ပြီး မှန်ကန်တိကျသော အချက်အလက်များဖြင့် ကဏ္ဍအလိုက် နေရာများ၊ ဇုန်များ သတ်မှတ်ဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် DaNa Facility Team မှ Mr.Peter Brimble က ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော မဟာဗျူဟာစီမံကိန်းများ သတ်မှတ်ဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာများတွင် ပံ့ပိုးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များနှင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အထောက်အကူပေးရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မုံရွာမြို့၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**မုံရွာ ဇွန် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် တက်ရောက်ခဲ့သည်။

"၂၀၁၄ ခုနှစ်က ကောက်ယူခဲ့တဲ့ လူဦးရေနဲ့ သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်တွေအရ မြန်မာနိုင်ငံမှာ အသက် ၁၈ နှစ်အောက်ကလေးဦးရေ ၁၈ သန်းကျော်ရှိပါတယ်၊ ၂၀၁၇ ခုနှစ် ပထမသုံးလပတ် အလုပ်သမားစစ်တမ်းတွေအရ အသက် ငါးနှစ်ကနေ ၁၇နှစ်ကြား ကလေးဦးရေ စုစုပေါင်း ၁၂ သန်းကျော်မှာ ကလေးအလုပ်သမားဦးရေ ငါးရာခိုင်နှုန်းရှိပြီးတော့ အဲဒီအထဲက ၄ ဒသမ ၉ ရာခိုင်နှုန်းကတော့ အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်တွေမှာ အလုပ်လုပ်နေကြရပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာတော့ အသက် ၁၄ နှစ် ကနေ ၁၈ နှစ်ကြားမှာရှိတဲ့ ကလေးအလုပ်သမားဦးရေ ၇၀၈ ဦးရှိပါတယ်၊ ကလေးအလုပ်သမားတွေကို တဖြည်းဖြည်းနဲ့ လျော့နည်းပပျောက်သွားအောင် စီမံချက်ရေးဆွဲ လုပ်ဆောင်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီးစစ်ဆေးရေးမှူး ဒေါ်မြင့်မြင့်ထွန်းက ပြောသည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီးစစ်ဆေးရေးမှူးက ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(ဥပဒေ) ဒေါ်နေခြည်ဝင်းမောင်မောင်က ကလေးအလုပ်သမားဆိုင်ရာဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(အလုပ်ရုံ)ဒေါ်ထက်ထက်ဝေက ကလေးအလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် အလုပ်သမားများ၊ လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးများသည် အန္တရာယ်ရှိသော လုပ်ငန်းများတွင် အများဆုံးလုပ်ကိုင်ကြရပြီး ၎င်းအသက်အုပ်စုအတွင်းရှိ ကလေးစုစုပေါင်း ၁၈ ရာခိုင်နှုန်းသည် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ရှိသည့် လိင်ပိုင်းဆိုင်ရာအလွဲသုံးစေသည့် အလုပ်အကိုင်၊ မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသည့် မြင့်မားသောနေရာများ၊ ပိတ်လှောင်နေသည့် နေရာများတွင် ခိုင်းစေခြင်း၊ အန္တရာယ်ရှိသော စက်ယန္တရားများ၊ ကိရိယာတန်ဆာပလာများ၊ လူအားဖြင့် လေးလံသည့် ဝန်စည်များကို တင်ဆောင်ခိုင်းခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြရသူများဖြစ်ကြောင်း ကလေးအလုပ်သမား စစ်တမ်းများအရ သိရှိရသဖြင့် ထိုသို့ခိုင်းစေနေသည်ကို မြင်တွေ့ရပါက သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လားရှိုးမြို့တွင် ဆိုင်ကယ်စီးသူများ ဦးထုပ်ဆောင်းစေရေး လှုံ့ဆော်

**လားရှိုး ဇွန် ၁၂**
ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီကကြီးမှူး၍ ဇွန် ၁၂ ရက် နံနက် ၉ နာရီက လားရှိုးမြို့၌ မော်တော်ဆိုင်ကယ်စီးနင်းမှုနှင့် ပတ်သက်သော လှုံ့ဆော်မှု Campaign အား မော်တော်ဆိုင်ကယ်အစီး ၂၀၀ ကျော်၊ စက်ဘီးအစီး ၃၀ တို့ဖြင့် ပြုလုပ်သည်။



အဆိုပါလှုံ့ဆော်မှု Campaign တွင် လားရှိုးတက္ကသိုလ်မှ ဆရာ ဆရာမများ စီးနင်းလိုက်ပါမည့် ဆိုင်ကယ် ၁၀ စီး၊ မီးသတ်ဦးစီးဌာနမှ ဆိုင်ကယ်အစီး ၂၀၊ သူနာပြုသင်တန်းကျောင်းမှအစီး ၂၀၊ ရှမ်းတိုင်းရင်းသားလူငယ်အဖွဲ့မှအစီး ၅၀ အပါအဝင် ယာဉ်မောင်းသင်တန်းများ၊ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်မှ ဆိုင်ကယ်များနှင့် လားရှိုးစက်ဘီးစီးအဖွဲ့မှ စက်ဘီးအစီး ၃၀ တို့သည် နံနက် ၈ နာရီတွင် လားရှိုးမြို့တော်ခန်းမရှေ့မှ စတင်ထွက်ခွာပြီးဘူတာလမ်းမကြီးအတိုင်း လားရှိုးမြို့တစ်ပတ်လှည့်လည် လှုံ့ဆော်ကြောင်း သိရသည်။

အဆိုပါ Campaign တွင် လားရှိုးတွင် ပြုလုပ်ခဲ့သည့် Miss & Mister Tourism and Culture ပြိုင်ပွဲမှ ဆုရအလှမောင်၊ အလှမယ်များ၊ Mister and Miss Sea World မှ အလှမောင်၊ အလှမယ်များ၊ Miss Universe Lashio ပြိုင်ပွဲမှဆုရမောင်၊ မယ် စုစုပေါင်း ၁၅ ဦးတို့ကလည်း အားဖြည့်လှုပ်ရှားပါဝင်ကြသည်။

**ဟန်ဌေး(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မိုင်းယောင်း ဇွန် ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ပြုလုပ်သည့် လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ဇွန် ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်က အမျိုးသားရေးတာဝန် အကြောင်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မူးယစ်ဆေးဝါးပပျောက်ရေး မဟာဗျူဟာ၊ နည်းဗျူဟာများ အကြောင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်နိုင်ဝင်းက မူးယစ်ဆေးဝါးဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းက လူငယ်နှင့် မူးယစ်ဆေးဝါး အကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမျိုးသိန်းဦးက မူးယစ်ဆေးဝါး သမိုင်းကြောင်းကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းသီဟက မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေချစ်မြတ်နိုးသူ Book Club၊ Youth Club စသည့် ဝါသနာတူ ကလပ်အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

ယင်း ပြည်သူ့စကားဝိုင်း(Public Talk)ကို ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အကျင့်ကောင်းများ လေ့ကျင့်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## မြိတ်မြို့၌ဆိုင်ကယ်အိတ်ဇောများ ရောင်းချသူများနှင့် တပ်ဆင်ပေးသူများကို ဥပဒေအရ အရေးယူမည်

**မြိတ် ဇွန် ၁၂**
ပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ ပတ်ဝန်းကျင်ဆူညံမှုမဖြစ်စေရေး၊ မြို့သာယာလှပရေးအတွက် ဆိုင်ကယ်ပါဝါအိတ်ဇောများဖြင့် ဆူညံစွာမောင်းနှင်ခြင်းနှင့် ပတ်သက်၍ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက မြိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၌ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဆိုင်ကယ် အပိုပစ္စည်း အရောင်းဆိုင်များ၊ ဆိုင်ကယ်ပြင်ဆိုင်များအား ခေါ်ယူတွေ့ဆုံ၍ ပါဝါအိတ်ဇောများရောင်းချခြင်း၊ တပ်ဆင်ပေးခြင်း မပြုကြရန် ဆွေးနွေးပြောကြားကြပြီး ဝန်ခံကတိများ ရေးထိုးစေခဲ့သည်။

ဆိုင်ကယ်အိတ်ဇောမှ ဆူညံသံများကြောင့် ပြည်သူများ အနှောင့်အယှက်မဖြစ်အောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူငယ်လေးများက ဆိုင်ကယ်အိတ်ဇောဖွင့် မောင်းကြကြောင်း၊ အိတ်ဇောဖွင့်မောင်းသည့် ဆိုင်ကယ်များအား ယာဉ်တိုက်မှုများ များပြားလာသည်ကိုတွေ့ရကြောင်း၊ ပညာပေးကာလအနေဖြင့် ပြီးခဲ့သည့်နှစ်က ပထမအကြိမ် ဆိုင်ကယ်အိတ်ဇော ၁၇၀ ကျော်၊ ဒုတိယအကြိမ်တွင် ဆိုင်ကယ်အိတ်ဇော ၁၂၀ ခန့်အား အဖွဲ့စုံနှင့်တား၍ သိမ်းဆည်းကာ ဖျက်ဆီးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာပေးကာလ ကျော်လွန်လာပြီဖြစ်၍ အိတ်ဇောရောင်းသည့်အရောင်းဆိုင်နှင့် ဆိုင်ကယ်ပြင်ဆိုင်များကို ခေါ်ယူတွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေအရ ပုဒ်မ ၆၀ အရ တားမြစ်ခြင်းဆောင်ရွက်ပြီး ပုဒ်မ ၆၀ ကို မလိုက်နာပါက ပုဒ်မ ၇၂ အရ ဒဏ်ငွေခြောက်သောင်းမှ ခြောက်သိန်းအထိသော်လည်းကောင်း၊ ထောင်ဒဏ်နှစ်နှစ် အထိသော်လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးကိုသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ပြောသည်။

ဆွေးနွေးပွဲတွင် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနများ၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများအကြောင်းကို ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်များ၊ ဆိုင်ကယ်ပြင်ဆိုင်များ၊ ဆိုင်ကယ်အရောင်းဆိုင်များမှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ ပတ်ဝန်းကျင်ဆူညံမှုမဖြစ်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်ပြောကြားခဲ့ပြီး ဆိုင်ကယ်ပါဝါအိတ်ဇောများ ရောင်းချခြင်း၊ တပ်ဆင်ပေးခြင်း မပြုကြရန် ဝန်ခံကတိများရေးထိုးစေခဲ့ကြောင်း သိရသည်။ **နိုင်ထူး (ပြန်/ဆက်)**

## ရန်ကုန် လှော်ကားသဘာဝဥယျာဉ် ကြားခံနယ်မြေတွင် ပျိုးပင်၁၀၀၀ ကျော်စိုက်ပျိုး

**ရန်ကုန် ဇွန် ၁၂**
ပြည်သူလူထုအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိအမြင်များ နိုးကြားလာစေရန် ရည်ရွယ်ကျင်းပသည့် စိမ်းလန်းစိုပြည်ရေးလူထုလှုပ်ရှားမှု (Greening Campaign) သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက်က ရန်ကုန် လှော်ကားသဘာဝဥယျာဉ် ကြားခံနယ်မြေ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



"ဒီပညာပေးလုပ်ငန်းကို အစ်မတို့အနေနဲ့ နှစ်ဆလောက်ပိုလုပ်ရမယ်လို့ထင်ပါတယ်၊ မြန်မာနိုင်ငံမှာ ပြည်သူသန်း ၅၀ ကျော်ရှိတယ်၊ တစ်ယောက်ကို တစ်ပင်သာစိုက်ကြည့် သန်း ၅၀ ကျော်တဲ့ သစ်ပင်တွေကို အစ်မတို့ စိုက်ဖြစ်သွားမယ်၊ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းဖို့ လုပ်တယ်ဆိုတာ နိုင်သလောက် ကနေစသင့်ပါတယ်၊ ဒါ့ကြောင့် သစ်ပင်စိုက်ပျိုးပွဲတွေမှာ ပြည်သူတွေအားလုံး ပါဝင်ပါလို့ ဖိတ်ခေါ်ပါတယ်" ဟု Australian Alumni Myanmar မှ မမေမိုးဝါက ပြောသည်။

အဆိုပါ လှုပ်ရှားမှုကို ကမ္ဘာမြေတစ်ခွင် စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့ ဆောင်ပုဒ်နှင့်အညီ ပြုလုပ်ခြင်းဖြစ်ပြီး လှော်ကားသဘာဝဥယျာဉ် ကြားခံနယ်မြေ၏ မြေတစ်ကေပေါ်တွင် ကျွန်းနှင့် ပျဉ်းကတိုးပင် ၁၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရန် ပျိုးပင်များနှင့် မြေနေရာကို Htoo Zoos and Gardens Business Unit မှ ကူညီပေးခြင်းဖြစ်ပြီး စိုက်ပျိုးထားသည့် ပျိုးပင်များကို ဆက်လက်ရှင်သန်ရန် လှော်ကားသဘာဝဥယျာဉ် (ရန်ကုန်)မှ ဝန်ထမ်းများက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း Htoo Group မှ အထွေထွေမန်နေဂျာ ဦးကြည်စိုးလွင်ထံမှ သိရသည်။

"သစ်ပင်စိုက်တိုင်းသာရှင်သန်မယ်ဆို ကမ္ဘာကြီးဟာ နေပြောက်တောင်ထိုးမှာ မဟုတ်တော့ဘူး၊ စိုက်ပြီး ကောက်ရိုးမီးလိုတော့မဖြစ်သင့်ဘူး၊ ငွေဖြုန်းသလို ကိုယ့်ရဲ့စွမ်းအားကို ဖြုန်းတီးသလိုမျိုး မဖြစ်သင့်ဘူး၊ ဒီလှော်ကားမှာက ဥယျာဉ်လုပ်ငန်းကို လုပ်ရင်းနဲ့ အမြဲစောင့်ရှောက်နေတဲ့အတွက် အရင်နှစ်တွေက စိုက်ခဲ့တဲ့သစ်ပင်တွေ အခုဆို ကြီးမားရှင်သန်နေတာကို တွေ့ရမှာပါ၊ ဒါ့ကြောင့် ဘယ်သူပဲစိုက်စိုက် ကိုယ်စိုက်တဲ့ သစ်ပင်ကို စနစ်တကျ ထိန်းသိမ်းဖို့တော့လိုတယ်" ဟု သစ်ပင်စိုက်ပျိုးပွဲတွင် ပါဝင်ခဲ့သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဒေါက်တာမြင့်သိန်းက ပြောသည်။

ယခုပြုလုပ်သည့် Greening Campaign ကို Smithsonian Institution၊ Australian Alumni Myanmar ၊ Htoo Zoos and Gardens Business Unit တို့နှင့်အတူ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ Star Academy Hospitality and Business Management မှ သင်တန်းသား သင်တန်းသူများနှင့် Miss Earth Myanmar Organization မှ အလှမယ်များက ပူးပေါင်းပါဝင်ခဲ့ကြသည်။

**သီသီမင်း**

## ပဲခူး၌ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပဲခူး ဇွန် ၁၂**
ပဲခူးမြို့ ဉသျှာမြို့သစ် (၆)ရပ်ကွက် သမိန်ဗရမ်းလမ်းရှိ ပဲခူးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



ပဲခူးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး စစ်ဆေးရေးမှူး ဒေါ်မိမိစိန်က မြန်မာနိုင်ငံနှင့် ကလေးအလုပ်သမား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးရုံးမှ ဦးစီးအရာရှိဒေါ်ရွှေဝင့်ဝါမြင့်က ဆိုင်နှင့်အလုပ်ဌာနများရှိ ကလေးအလုပ်သမားများ အလုပ်လုပ်ကိုင်ရာတွင် တွေ့ကြုံနိုင်သည့် ဘေးအန္တရာယ်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းအိဝင်းက စက်ရုံအလုပ်ရုံများရှိ ကလေးအလုပ်သမားများ အလုပ်လုပ်ကိုင်ရာတွင် တွေ့ကြုံနိုင်သည့် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးစည်းကြပ်လျက်ရှိသော အလုပ်သမားဥပဒေများတွင် လူထုအကြား ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်မြှင့်တင်ရေးအတွက် လူရွယ်အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် ကလေးအလုပ်သမား အဆုံးသတ်ရေး ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ စက်ရုံအလုပ်ရုံဆိုင်ရာ အလုပ်ဌာနများမှ ပိုင်ရှင်များ၊ မန်နေဂျာများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဘားအံ၌ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် ကုမ္ပဏီများဥပဒေရှင်းလင်းဆွေးနွေး

**ဘားအံ ဇွန် ၁၂**
ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ၂၀၁၈ ခုနှစ် မေလထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှစ်ခု၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု တစ်ခုတို့ကို ဆောင်ရွက်ခွင့်အတည်ပြုမိန့် ထုတ်ပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်း ၁၀၁၀၀ နှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကျော် ရရှိကာ အလုပ်အကိုင်အခွင့်အလမ်း ၄၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ရှင်းလင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

(DICA)မှ ညွှန်ကြားရေးမှူး ဒေါက်တာလွင်သူဇာရွှေက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးဦးနိုင်ဝင်းတိုးက ကရင်ပြည်နယ်နှင့်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး ဒေါက်တာမာလာမျိုးညွှန့်၊ ဦးနိုင်ဝင်းတိုး၊ ဒေါက်တာဝဏ္ဏအောင်၊ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်စောသက်စုဝင်းတို့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စကားဝိုင်းကို ဆွေးနွေးခဲ့ကြကာ တက်ရောက်လာကြသော ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်သည် ကောင်းမွန်သည့် မြေဆီဩဇာများ၊ သာယာလှပသည့် မြစ်ချောင်းတောတောင်များ၊ ရှေးဟောင်းဂူဘုရားများ၊ အဖိုးတန်သတ္တုသိုက်များ စသည်ဖြင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ပြီး ထိုင်း-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိ၍ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် အချက်အချာကျကာ အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသော ဒေသတစ်ခုဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအရသော်လည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရသော်လည်ကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်သော်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာပြီး ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ပြည်ခရိုင် ကျေးလက်ရုံး၌ အဆင့်မြင့်ကွန်ပျူတာသင်တန်းဖွင့်

**ပြည် ဇွန် ၁၂**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်ရုံးနှင့် မြို့နယ်ရုံးများရှိ ကျေးလက်ဦးစီးဌာနဝန်ထမ်းများအတွက် ကွန်ပျူတာစွမ်းဆောင်ရည်မြှင့်တင်ရေး(အဆင့်မြင့်ကွန်ပျူတာ) သင်တန်းကို ဇွန် ၁၁ ရက်က ပြည်ခရိုင်ကျေးလက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းတွင် ခရိုင်၊မြို့နယ်များမှ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ပြီး နှစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သူရအောင် (ပြည်)**



**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကဝမြို့နယ်ရုံးဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးနှင့် ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**
ငြိမ်းချမ်း(ပြန်/ဆက်)

# ကမ္ဘာကျော်ခေါင်းလောင်းကြီးများ

မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)

ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် ခေါင်းလောင်းဟုဆိုလျှင် အချက်ပြသောအရာများအဖြစ်လည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းအဖြစ်လည်းကောင်း သုံးစွဲခဲ့သည်။ တရုတ်နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ လောက်ကပင် ခေါင်းလောင်းများ စတင်ပေါ်ပေါက်သည်ဟု အဆိုရှိသည်။ သို့ရာတွင် ခိုင်လုံသော အထောက်အထားများကား မရှိပေ။ အနောက်နိုင်ငံများတွင်မူ ရောမလူမျိုးတို့အုပ်ချုပ်သည့် တိုင်းပြည်များ၌ ခရစ်ယာန်အယူဝါဒကို အတည်တကျ ကိုးကွယ်ကြသော ငါးရာစုနှစ်၊ ခြောက်ရာစုနှစ်လောက်တွင် အစပြု၍ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ခေါင်းလောင်းများကို ထားရှိလာခဲ့ကြသည်။ ပထမတွင် သေးငယ်သော ခေါင်းလောင်းများကိုသာ ပြုလုပ်ကြ၍ နောင်သော် တဖြည်းဖြည်း ကြီးသောခေါင်းလောင်းများကို လုပ်လာနိုင်ကြသည်။ ထိုခေါင်းလောင်းများကို မြို့တွင်းမှ အားလုံးကြားနိုင်စေသောငှာ မျှော်စင်များပေါ်၌ ချိတ်ဆွဲထားလေ့ရှိကြသည်။ အများအားဖြင့် ခေါင်းလောင်းစင်များကို ဘုရားရှိခိုးကျောင်းများနှင့် တစ်ဆက်တည်း ထားလေ့ရှိကြသော်လည်း အချို့နေရာများတွင် သီးခြားအဆောက်အအုံများဖြင့် ထားတတ်ကြလေသည်။

ခေါင်းလောင်းကို လူတို့သည် သာသနာရေးနှင့် ဆက်စပ်၍ အသုံးပြုလာခဲ့ကြသည့်အတိုင်း မြန်မာနှင့်တကွ ဗုဒ္ဓအယူဝါဒနိုင်ငံများတွင်လည်း ခေါင်းလောင်းကြီးငယ်များကို စေတီပုထိုး၊ သိမ်၊ ကျောင်းစသည်များ၌ ထားရှိပြီးလျှင် ကုသိုလ်ကောင်းမှု တစ်ခုခုပြုပြီးသောအခါ ခေါင်းလောင်းထိုး၍ အမျှအတန်းပေးဝေလေ့ရှိကြသည်။ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်၌လည်း အရွယ်အမျိုးမျိုးရှိသော ခေါင်းလောင်းအမြောက်အမြားကို တွေ့ရှိနိုင်သည်။ စေတီတော်၏ထီးတစ်ဝိုက်၌ ခြံရံချိတ်ဆွဲထားသော ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ကြေးဆည်းလည်းတို့သည်လည်း ခေါင်းလောင်းအသေးစားများပင် ဖြစ်ကြရာ လေတိုက်ခတ်သောအခါများ၌ ကြားရသော အသံတို့သည် သာယာနာပျော်ဖွယ် ကောင်းလှပါသည်။

### ကိစ္စအမျိုးမျိုးအတွက်

ခေါင်းလောင်းကို နိုင်ငံအသီးသီး၌ ကိစ္စအမျိုးမျိုးအတွက် အသုံးပြုကြလေသည်။ သာသနာရေးကိစ္စများမှအပ နန်းတက်ပွဲ၊ လက်ထပ်ပွဲစသော မင်္ဂလာအခမ်းအနားများ၌လည်း ခေါင်းလောင်းကို ထိုးတတ်ကြသည်။ စစ်ကြီးပြီးဆုံးသည့်အခါ၊ နိုင်ငံလွတ်လပ်ရေးရသည့်အခါများ၌လည်း ဝမ်းမြောက်ဝမ်းသာ အထိမ်းအမှတ်အဖြစ် ခေါင်းလောင်းများကို ထိုးလေ့ရှိကြသည်။ ဘုရင်နတ်ရွာစံသည့် အခါများ၌လည်း ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် ကြေကွဲဖွယ်ဖြစ်အောင် ထိုးတတ်ကြသည်။ ထိုမှတစ်ပါး အစည်းအဝေးခေါ်သည့် ခေါင်းလောင်း၊ ကျောင်းတက်ကျောင်းဆင်းချိန်၌ ထိုးသော ခေါင်းလောင်းများအပြင်၊ နှိုးစက်ပါသောနာရီ၌ တပ်ဆင်ထားသည့်ခေါင်းလောင်း၊ စကားပြောကြေးနန်း(တယ်လီဖုန်း)၌ တပ်ဆင်ထားသည့် ခေါင်းလောင်း၊ အိမ်၊ ရုံး၊ ဟိုတယ်စသည်တို့၌ တပ်ဆင်အသုံးပြုသည့် လူခေါ်ခေါင်းလောင်းများလည်း ရှိပေသည်။

ခေါင်းလောင်းတွင် လက်ဖြင့်ထိုးရသော ခေါင်းလောင်း၊ ကြိုးဖြင့်ဆွဲရသောခေါင်းလောင်း၊ စက်တပ်ထားသော ခေါင်းလောင်းဟူ၍ အမျိုးမျိုးရှိသည်။ သံစုံထိုးနိုင်အောင် အသံအမျိုးမျိုးထွက်သော ခေါင်းလောင်းအများ တပ်ဆင်ထားသည့် နေရာများလည်းရှိသည်။ အင်္ဂလန်ပြည် ဗဲလဖတ်မြို့ရှိ ထင်ရှားသော စိန့်ပက်ထရစ် ခေါင်းလောင်းသည် ခြောက်ရာစုနှစ်လောက်က ပြုလုပ်ခဲ့သော ခေါင်းလောင်းဖြစ်ပေသည်။ ထိုရှေးခေါင်းလောင်းသည် ထောင့်မှန်စတုဂံပုံဖြစ်၍ သတ္တုပြားများကို စို့များဖြင့်တော့ဆက်ကာ ပြုလုပ်ထားသည်။ နှောင်းပိုင်းတွင် သတ္တုကိုအရည်ကျို၍ ပုံသွန်းသည့်အတတ် ထွန်းကားလာသည့်အတိုင်း ယခုအချိန်တွင် ကမ္ဘာအရပ်ရပ်၌ ခေါင်းလောင်းများကို သွန်းလုပ်ယူလာကြသည်။

ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောသော ခေါင်းလောင်းကြီးများအနက် ရုရှားနိုင်ငံ မော်စကိုမြို့ ကရင်မလင်နန်းတော်ရှိ ဇာကိုလိုကော အမည်ရှိ ခေါင်းလောင်းကြီးမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ တန်ချိန် ၂၀၀ကျော်စီး၍ အမြင့် ၁၉ပေ ၃လက်မ၊ အဝန်း ၉၀ ပေ ၉ လက်မ၊ အထူ နှစ်ပေရှိသည်။ ထိုခေါင်းလောင်းကြီးကို ၁၈၃၃ ခုနှစ်တွင် သွန်းလုပ်ခဲ့ရာ ခေါင်းလောင်းတစ်နေရာတွင် ပဲ့သွားသည်။ ထိုပဲ့သွားသည့် အစပင်လျှင် ခုနစ်ပေ မြင့်ကာ ရှစ်ပေ ကျယ်ပြီးလျှင် အလေးချိန် ၁၁ တန်စီးသည်ဟု သိရသည်။ ထိုခေါင်းလောင်းကြီးကို လက်မှုပညာရှင် ၂၀၀ ကျော်ဖြင့် သွန်းလုပ်ထားခြင်းဖြစ်သည်။ ကမ္ဘာတွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းသည်လည်း မော်စကိုမြို့မှာပင်ဖြစ်၍ ထိုခေါင်းလောင်း၏ တန်ချိန်မှာ ၁၂၈ တန်ရှိသည်။


ဇာကိုလိုကော အမည်ရှိ ခေါင်းလောင်းကြီး။


မင်းကွန်း ခေါင်းလောင်းကြီး။

မြန်မာနိုင်ငံ၌ ဘိုးတော်ဘုရားလက်ထက်တွင် မင်းကွန်းစေတီတော်ကြီးအနီး၌ မင်းကွန်းခေါင်းလောင်းကြီးကို သွန်းလုပ်ခဲ့သည်။ ထိုခေါင်းလောင်းကြီးကို သတ္တုပြားဖုံးထားသော သုံးချောင်းပူးရက်မကြီး၌ ဆွဲထားသည်။ ထိုရက်မကြီးသည် ကျွန်းတိုင်ကြီးများကိုငုံ၍ ဆောက်ထားသော အုတ်တိုင်နှစ်ခုပေါ်တွင် တင်ထားရှိသည်။ ခေါင်းလောင်းကြီးသည် မလှုပ်နိုင်ချေ။ ခေါင်းလောင်းကြီးကို ထောက်ထားသည့် တိုင်ကြီးများသည် မြေငလျင်၏ဒဏ်ကြောင့် ပျက်စီးယိုယွင်းနေကြသဖြင့် ခေါင်းလောင်းကြီး အောက်သို့ပြုတ်မကျစေရန် သစ်သားတုံးကြီးများဖြင့် ထောက်ပေးထားရသည်။ ထိုခေါင်းလောင်းကြီးကို ကြေးညိုနှင့် သွန်းလုပ်သည်။ ရွှေစငွေစများကို ခေါင်းလောင်းကြီး၏ ကြေးသားထဲတွင်မြှုပ်ထားသည်။

ထိုခေါင်းလောင်းကြီး၏ အပြင်ဘက်အခြမ်းသည် နှုတ်ခမ်းဝ၌ ၁၆ ပေနှင့် သုံးလက်မရှိသည်။ အတွင်းဘက်နှုတ်ခမ်းဝအထက် လေးပေနှင့် ရှစ်လက်မနေရာ၌ အမြင့်သည် ၁၁ ပေရှိသည်။ ခေါင်းလောင်းကြီး၏ အတွင်းဘက်အခြမ်းအမြင့်သည် ၁၁ ပေနှင့် ခြောက်လက်မရှိ၍ အပြင်ဘက်အမြင့်သည် ၁၂ ပေရှိသည်။ အတွင်းထိပ်ပိုင်း၏အချင်းသည် ရှစ်ပေနှင့် ခြောက်လက်မရှိ၍ ခေါင်းလောင်းကြီး၏အထူသည် ခြောက်လက်မမှ ၁၂ လက်မအထိရှိ၍ အလေးချိန်မှာ အကြမ်းအားဖြင့် တန်ချိန် ၈၀ ခန့်ရှိမည်ဟု အင်္ဂလိပ်တို့က ခန့်မှန်းခဲ့ကြသည်။ ထိုအလေးချိန်အရ မင်းကွန်းခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ခေါင်းလောင်းပင်ဖြစ်သည်။

### ဘိုးတော်ဘုရားသွန်းလုပ်

ထိုခေါင်းလောင်းကြီးအကြောင်းကို ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတွင် ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် သွန်းလုပ်သည်ဟု ပါရှိသည်။ ခေါင်းလောင်းကြီး၏အတိုင်းအတာကိုလည်း အဝအချင်း ၃၁ တောင် ၄ သစ် (၁၆ ပေ ၈$\frac{၁}{၄}$လက်မ)၊ လုံးပတ် ၃၃တောင် ၁ မိုက် ၄ သစ် (၅၀ပေ $\frac{၁}{၄}$လက်မ)၊ ဇောက် ၁၃ တောင် ၁ မိုက် ၄ သစ် (၂၀ပေ ၃လက်မ) ရှိသည်။ အလေးချိန်မှာ ကြေးအချိန် ၅၅၅၅၅ ပိဿာ ဖြစ်သည်ဟူ၍ ဖော်ပြထားလေသည်။ ထိုပိဿာချိန်ကို တန်ချိန်ဖွဲ့လျှင် ၉၀ ဒသမ ၅၂ တန်ရသည်။

တရုတ်ပြည်အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ဂျီနန်းမြို့အရောက်တွင် မင်မင်းဆက် (၁၃၆၈-၁၆၄၄) လက်ထက် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ခန့်က သွန်းလုပ်ခဲ့သော ယုံလီ အမည်ရှိ ကြေးသွန်းခေါင်းလောင်းကြီးကို တွေ့ရသည်။ ထိုကြေးသွန်းခေါင်းလောင်းကြီးမှာ ၄၅ တန် အလေးချိန်ရှိ၍ ၆ ဒသမ ၇၅ မီတာ အမြင့်ရှိသည်။ ၃ ဒသမ ၃ မီတာ အချင်းရှိ၍ သုည ဒသမ ၂၂ မီတာထူသည်။ ခေါင်းလောင်းကြီး၏ အတွင်းအပြင်မျက်နှာစာအပြည့်တွင် တရုတ်အက္ခရာ ၂၂၇၀၀၀ ဖြင့် ထွင်းဖော်ထားသော ဗုဒ္ဓကျမ်းဂန်လာ သုတ္တန်များကို တွေ့ရှိရသည်။

ကျိုတိုမြို့ ချီယွန်အင် ကျောင်းတော်တွင် တည်ရှိသော ခေါင်းလောင်းကြီးမှာ ၁၆၃၃ ခုနှစ်တွင်သွန်းလုပ်၍ ၇၄ တန်အလေးချိန်ရှိသည်။ ဂျပန်တွင် အလေးချိန်အများဆုံး ခေါင်းလောင်းကြီးဖြစ်သည်။ ထိုခေါင်းလောင်းကြီးကို ထိုးခတ်ရန် ရဟန်း ၁၇ ပါး လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

### ဓမ္မစေတီ ခေါင်းလောင်းကြီး

ထို့ပြင် မြန်မာ့သမိုင်းတစ်လျှောက်တွင် သမိုင်းကြောင်းအရ ပြောဆိုလို့သာရပြီး သက်သေပြနိုင်ရန် ခဲယဉ်းလှသော ခေါင်းလောင်းတစ်လုံးမှာ ဓမ္မစေတီခေါင်းလောင်းကြီးပင်ဖြစ်သည်။ အကြမ်းအားဖြင့် တန်ချိန် ၃၀၀ ခန့်ရှိသော ဓမ္မစေတီမင်း၏ မဟာခေါင်းလောင်းကြီးသည် ရေးမှတ်ခဲ့သမျှ သမိုင်းမှတ်တမ်းများထဲတွင် အကြီးမားဆုံး ခေါင်းလောင်းကြီးအဖြစ် တည်ရှိလာခဲ့သည်။ မြန်မာပြည်မှ ဓမ္မစေတီမင်းက ခရစ်နှစ် ၁၄၈၄ တွင် သွန်းလုပ်ခဲ့သော ထိုခေါင်းလောင်းသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးတွင် တည်ရှိခဲ့ပါသည်။

ဓမ္မစေတီခေါင်းလောင်းကြီးသည် အမြင့် ၁၂တောင် (၆ ဒသမ ၂၆ မီတာ) အဝအချင်း ရှစ်တောင် (၄ ဒသမ ၁၈၄ မီတာ)ရှိသည်ဟု ဆိုပါသည်။ ရွှေတိဂုံဘုရားတွင် တည်ရှိခဲ့စဉ်က ခေါင်းလောင်းကြီး၏ပုံသဏ္ဌာန်ကို ခန့်မှန်းရေးဆွဲသည့်ပုံကို (http://www. blagovestbells. com/Internet/ing/shwedagon1.jpg)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ဓမ္မစေတီခေါင်းလောင်းကြီးသည် ခရစ်နှစ် ၁၆၀၂ ခုနှစ်တိုင်အောင် အလေးချိန်အများဆုံး ခေါင်းလောင်းကြီးအဖြစ် ရွှေတိဂုံဘုရားတွင် ချိတ်ဆွဲတည်ရှိခဲ့ပါသည်။ ထိုနှစ် ၁၆၀၂ တွင် ပေါ်တူဂီတပ်သားနှင့် ကုန်သည်ဖြစ်သော ဖိလစ်ဒီဘရစ်တို ဆိုသူက ထိုခေါင်းလောင်းကို ဖယ်ရှားခဲ့ပြီး ၎င်း၏ခြေကုပ်စခန်းဖြစ်သော သန်လျင်သို့ ရန်ကုန်မြစ်ကြောင်းအတိုင်း အထူးပြုလုပ်ထားသောဖောင်ဖြင့် သယ်ယူရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ခေါင်းလောင်းသယ်ယူခဲ့သော သင်္ဘောသည် ရန်ကုန်နှင့် ပဲခူးမြစ်ဆုံနေရာတွင် နစ်မြုပ်သွားခဲ့သည်။ ဓမ္မစေတီခေါင်းလောင်းကြီးသည် ထိုနစ်မြုပ်ရာ နေရာ၌ပင် ယနေ့ထိတိုင် မြုပ်နေဆဲဖြစ်ပြီး မြစ်ကြမ်းပြင် ၂၅ ပေ (၇ ဒသမ ၆ မီတာ) အောက်တွင် ကောင်းမွန်စွာရှိနေနိုင်ပါသည်။ ခေါင်းလောင်းတည်ရှိရာနေရာ ရှာဖွေခြင်းနှင့် ခေါင်းလောင်း ဆယ်ယူရန် ကြိုးပမ်းမှုအမြောက်အမြား ပြုလုပ်ခဲ့ကြသော်လည်း ယခုထိပင် အောင်မြင်မှု မရရှိသေးချေ။

ထိုဓမ္မစေတီခေါင်းလောင်းကြီးကို ပြန်လည်ဆယ်ယူထိန်းသိမ်းနိုင်ခြင်းမရှိသေးမီ ပြည့်စုံသည့် အချက်အလက်မရှိသေးသော်လည်း ဓမ္မစေတီခေါင်းလောင်းကြီးသည် ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းကြီး အစစ်အမှန်ဖြစ်မည်ဟု ထင်မြင်ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းလောင်းကြီးသည် ဇောက် ၁၂ တောင်ရှိ၍ ကြေးပိဿာချိန် ၁၈၀၀၀၀ ရှိသည်။ ၎င်းကိုတန်ဖွဲ့ပါက တန် ၂၉၀ ရှိသည်။ ထို့ကြောင့် ဓမ္မစေတီ ခေါင်းလောင်းကြီးသည် ဇာကိုလိုကော ခေါင်းလောင်းထက် မင်းကွန်းခေါင်းလောင်းတစ်လုံးစာ ပို၍ကြီးမားနေသည်ကို အံ့သြဖွယ် လေ့လာတွေ့ရှိရပါသည်။

ရှေးလူများ စတင်အသုံးပြုခဲ့သော ခေါင်းလောင်းများမှာ လေးထောင့်ပုံ ခေါင်းလောင်းကလေးများသာ ဖြစ်ကြ၍ အချို့မှာ အလုံပိတ်ဖြစ်သော ခလောက်ကလေးများ ဖြစ်ကြသည်။ ထိုစဉ်က ဟီဗြူဘုန်းကြီးအချို့၏ ဝတ်ရုံများ၌လည်း ရွှေဖြင့်ပြုလုပ်သော ချူကလေးများကို တပ်ဆင်ခဲ့ကြလေသည်။ နှောင်းပိုင်းခေတ်များတွင်မှ သွန်းလုပ်လာခဲ့ကြသော ခေါင်းလောင်းကြီးများသည် ယခုအခါတွင် ကမ္ဘာကျော်ခေါင်းလောင်းကြီးများအဖြစ် မြင်တွေ့နေကြရပြီ ဖြစ်ပါသည်။ ။

**ကိုးကား**

**- မြန်မာ့စွယ်စုံကျမ်းအတွဲ-၂**
**- ဓမ္မစေတီခေါင်းလောင်းကြီးတကယ်ရှိ၊ မရှိနှင့် ကမ္ဘာကျော်ခေါင်းလောင်းကြီးများ - အရှင်ပဏ္ဍိတာနန္ဒ (တကောင်း)**

# ပြန်လည်တွဲနေကြတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာရဲ့ဘေးမှာ အတူတွဲကာ တွေ့ခဲ့ရတဲ့သူကတော့ တစ်ချိန်က သူနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ဖူးသူ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဟေးလေးဘော်ဝင်ဖြစ်ပါတယ်။ သူတို့နှစ်ဦးကို လတ်တလောမှာတော့ မိုင်ယာမီကမ်းခြေမှာ အတူတွေ့ခဲ့ရတာဖြစ်ပြီး နှစ်ဦးသား အလွန်ရင်းနှီးနေတာကိုလည်း တွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာတော့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ကို မိုင်ယာမီကမ်းခြေမှာ တရင်းတနှီးရှိနေကြတာ တွေ့ရပါတယ်။ အဲဒီကို သူတို့နှစ်ဦးဟာ ဆွေးနွေးပွဲတစ်ခုတက်ရောက်ဖို့ရာ ရောက်လာခဲ့ကြတာဖြစ်ပြီး ညတိုင်း အတူအလည်အပတ်ထွက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ၂၁ နှစ်အရွယ် မော်ဒယ် ဟေးလေးဘော်ဝင်တို့ဟာ သုံးနှစ်တာအတွင်း ပထမဆုံးအနေနဲ့ ယခုလို အလွန်ရင်းနှီးတဲ့ပုံစံမျိုးနဲ့ ပြန်လည်တွေ့မြင်ရတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဒီရက်ပိုင်းမှာ ဘုရားကျောင်းလည်း အတူတက်ရောက်ခဲ့ကြတာကို တွေ့ရပါတယ်။ သူတို့ကို တွေ့မြင်ခဲ့ရတဲ့ သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ ပါတီပွဲအတွင်း ဂျက်စတင်ဘီဘာက ဟေးလေးဘော်ဝင်ကို အကြိမ်များစွာ ဖက်ထားခဲ့တာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

တစ်ချိန်က လက်တွဲခဲ့ကြတဲ့ သူတို့နှစ်ဦး ဒီလို ပြန်လည်ရင်းနှီးနေကာ တစ်ကျော့ပြန်အချစ်ခရီးစတင်တာ ဖြစ်တယ်ဆိုရင်လည်း မထူးဆန်းပါဘူး။ သူတို့နှစ်ဦးမှာ တူညီတဲ့အချက်တွေ ရှိနေပါတယ်။ ဒါကတော့ သူတို့နှစ်ဦးစလုံးဟာ ပါတီပွဲဆင်နွှဲရတာကို ကြိုက်နှစ်သက်ကြသူတွေ ဖြစ်ကြပြီး ဘုရားကျောင်းတက်ရတာကိုလည်း ခံ့မင်သူတွေ ဖြစ်ကြလို့ပါ။

ဒီလိုပြန်လည်တွဲတာ မတွေ့ရမီက ဟေးလေးဘော်ဝင်ဟာ တေးသံရှင် ဆွမ်မန်းဒပ်စ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်နေသူပါ။ ပြီးခဲ့တဲ့လအတွင်းက ကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွက် ကြယ်ပွင့်တွေတွေ့ဆုံပွဲမှာတော့ ဟေးလေးဘော်ဝင်ဟာ ဆွမ်မန်းဒပ်စ်နဲ့တွဲကာ ကော်ဇောနီပေါ် လျှောက်လှမ်းလာခဲ့ပါတယ်။ ဒီလို အများရှေ့မှောက် အတူပေါ်ထွက်လာတဲ့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ခြင်းဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပေမယ့် ဟေးလေးဘော်ဝင်ကတော့ ငြင်းဆိုခဲ့ပြီး လက်ရှိမှာတော့ သူဟာ တစ်ကိုယ်တည်းသမားတစ်ဦးသာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဂျက်စတင်ဘီဘာကတော့ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်နဲ့ ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ဆယ်လီနာနဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ သတင်းဟာလည်း အေးခဲ့ပြီး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ပါတယ်။ ဆယ်လီနာနဲ့ လမ်းခွဲကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီးနောက် ဂျက်စတင်ဘီဘာနဲ့ ပထမဆုံးတွဲတာ တွေ့ခဲ့ရသူကတော့ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘက်စကင်ချန်ပီယံဖြစ်ပြီး ခဏတာ မီဒီယာ စာမျက်နှာပေါ်ရောက်ခဲ့ကာ နောက်ပိုင်းမှာ အဆုံးသတ်သွားခဲ့ပါတယ်။ လတ်တလောမှာမှ ဂျက်စတင်ဘီဘာရဲ့ လက်တွဲဖော်သစ်ပေါ်ထွက်လာခဲ့ကာ သူကတော့ ကာလအတော်ကြာ သူငယ်ချင်းတွေအဖြစ်ရှိခဲ့ပြီး အချစ်ဟောင်းတစ်ဦးလည်းဖြစ်တဲ့ ဟေးလေးဘော်ဝင်ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ရှေ့ဆက်မြင်တွေ့ရမယ့် မီဒီယာစာမျက်နှာပေါ်က ဇာတ်လမ်းတွေ ရှိဦးမလားဆိုတာကလည်း စိတ်ဝင်စားစရာပါ။



# ဂျန်ဆိုမင်နဲ့ ဆိုးအင်ဂွတ်တို့ ဇာတ်လမ်းတွဲသစ်မှာ တွဲဖက်ပါဝင်မည်

တောင်ကိုရီးယားသရုပ်ဆောင်တွေဖြစ်ကြတဲ့ ဂျန်ဆိုမင်နဲ့ ဆိုးအင်ဂွတ်တို့နှစ်ဦးဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ အတူတွေ့ဆုံဖို့ရာ ဖြစ်လာခဲ့ပါပြီ။ သူတို့နှစ်ဦးဟာ tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲ "100 Million Stars Falling from the Sky (ယာယီအမည်)"မှာ အတူတွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၁ ရက်မှာတော့ tvN ရုပ်သံလိုင်းက "100 Million Stars Falling from the Sky "ရုပ်ရှင်မှာ မင်းသမီး ဂျန်ဆိုမင်က ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားလာတာ ဖြစ်ပါတယ်။ ယခင်က ယင်းဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်မင်းသားအဖြစ် ဆိုးအင်ဂွတ်က ပါဝင်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့လအတွင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကာ လတ်တလောမှာမှ ဇာတ်လမ်းတွဲရဲ့ ခေါင်းဆောင်မင်းသမီးကို အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

ယင်းဇာတ်လမ်းတွဲဟာ ကျော်ကြားတဲ့ ဂျပန်ရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ဖန်တီးသွားမယ့် ဒရမ်မာတစ်ကား ဖြစ်ပါတယ်။ ဂျန်ဆိုမင်ကတော့ ယင်းဇာတ်လမ်းတွဲမှာ ဒီဇိုင်နာတစ်ဦးဖြစ်သူ ယိုဂျင်ကန်းအဖြစ် ပါဝင်ထားတာပါ။ ယိုဂျင်ကန်းဟာ ငယ်စဉ်ကတည်းက မိဘတွေဆုံးရှုံးခဲ့ရကာ အစ်ကိုဖြစ်သူရဲ့ စောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာခဲ့ရသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ဆိုးအင်ဂွတ်ရဲ့ ဇာတ်ကောင် ကမ်မိုယောင်းနဲ့ ဆုံတွေ့ခဲ့ပြီးနောက်မှာတော့ သူ့ရဲ့ဘဝဟာ ပြောင်းလဲမှုတွေနဲ့ ဆက်တိုက်ကြုံခဲ့ရတာဖြစ်ပါတယ်။

"100 Million Stars Falling from the Sky"ဇာတ်လမ်းတွဲကိုတော့ tvN ရုပ်သံလိုင်းကနေ ယခုနှစ် ဒုတိယနှစ်ဝက်ပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

# ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်သွားမယ့် ဝိန်းဂျွန်ဆင်နဲ့ ဂဲလ်ဂတ်ဒေ့ါ်ဒ်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသား ဝိန်းဂျွန်ဆင်နဲ့ မင်းသမီး ဂဲလ်ဂတ်ဒေ့ါ်ဒ်တို့ဟာ တိုက်ခိုက်ရေးရုပ်ရှင်တစ်ကားမှာ တွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အက်ရှင်မင်းသားတစ်ဦးဖြစ်တဲ့ ဝိန်းဂျွန်ဆင်နဲ့ လူစွမ်းကောင်းတစ်ဦးအဖြစ် "Wonder Woman"မှာ ပါဝင်ခဲ့ရင်း အောင်မြင်မှုတွေရလာခဲ့တဲ့ ဂဲလ်ဂတ်ဒေ့ါ်ဒ်တို့ဟာ ဒါရိုက်တာ မာရှယ်သာဘာ ရိုက်ကူးသွားမယ့် အချစ်အက်ရှင်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Red Notice" မှာ တွဲဖက်ပါဝင်သွားကြမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ လာမယ့် ၂၀၁၉ ခုနှစ် ဧပြီလအတွင်း စတင်သွားမှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ထုတ်လွှင့်ပြသနိုင်ရန် ရည်ရွယ်ထားကြောင်း သိရပါတယ်။



# ပရီယင်ကာချိုပရာကို မိသားစုဝင်တွေနဲ့ တရားဝင်မိတ်ဆက်ပေးလိုက်တဲ့ နစ်ခ်ဂျိုးနက်စ်

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ နစ်ခ်ဂျိုးနက်စ်ဟာ ချစ်သူ ပရီယင်ကာချိုပရာကို မိသားစုဝင်တွေဆီအရောက်ခေါ်ဆောင်လာခဲ့ပါတယ်။ ပေါ့ပ်ကြယ်ပွင့် နစ်ခ်ဂျိုးနက်စ်ဟာ သူ့ရဲ့ဝမ်းကွဲအစ်မဖြစ်သူရဲ့ မင်္ဂလာအခမ်းအနားကို ပရီယင်ကာချိုပရာကို သူနဲ့အတူ ခေါ်ဆောင်သွားခဲ့တာဖြစ်ပြီး အဲဒီမင်္ဂလာပွဲမှာ မိသားစုဝင်တွေနဲ့ မိတ်ဆက်ပေးခဲ့တာဖြစ်ကြောင်း အီးနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နယူးဂျာစီပြည်နယ်မှာ ပြုလုပ်ခဲ့တဲ့ မင်္ဂလာအခမ်းအနားကိုတော့ ပရီယင်ကာချိုပရာဟာ ချစ်သူနဲ့အတူ လိုက်ပါခဲ့ပြီး မိသားစုဝင်တွေရဲ့ ရင်းရင်းနှီးနှီးစကားပြောခဲ့တာကိုလည်း တွေ့ရပါတယ်။ ဖက်ရှင်ကျသူတစ်ဦးအဖြစ် ဟောလိဝုဒ်သရုပ်ဆောင်တွေအကြား ကျော်ကြားတဲ့ ချိုပရာဟာ မင်္ဂလာပွဲကို စိမ်းဝါရောင်ဂါဝန် ဝတ်ဆင်တက်ရောက်ခဲ့တာဖြစ်ပြီး နစ်ခ်ဂျိုးနက်စ်ကတော့ နက်ပြာရောင်အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်လာခဲ့တာကိုလည်း တွေ့ရပါတယ်။

တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ နစ်ခ်ဂျိုးနက်စ်နဲ့ မင်းသမီး ပရီယင်ကာချိုပရာတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် တွေ့ဆုံပွဲမှာ အတူတွဲကာ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ပြီး အဲဒီနောက်မှာတော့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ စတင်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာငြိမ်သွားခဲ့ပြီး ပြီးခဲ့တဲ့လအတွင်းမှာတော့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကြောင့် ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပြန်လည်ပေါ်ထွက်ခဲ့ပါတယ်။

ဒီလိုကောလာဟလတွေပေါ်ခဲ့ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ နှစ်ဦးသားအတူတွဲကာ အများရှေ့ပေါ်ထွက်လာခဲ့ပါတယ်။ ဒါဟာ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်ပြီးနောက် ပထမဆုံးပါ။ လက်ရှိမှာ အသက် ၂၅ နှစ်ရှိပြီဖြစ်တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ၃၅ နှစ်အရွယ် ပရီယင်ကာချိုပရာတို့ကို ဇွန် ၈ ရက်မှာတော့ နယူးယောက်လေဆိပ်မှာ အတူတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ဒီလိုတွေ့ခဲ့ရပြီးနောက် ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာတော့ နှစ်ဦးသားအတူတွဲကာ မင်္ဂလာပွဲတက်ရောက်ခဲ့တာ ဖြစ်ပါတယ်။



အေးပြည့်-ရေးသားသည်



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှင်ကိုးရှင်သမိုင်းဝင် ရှင့်တောင့်ပုံဘုရား ရင်ပြင်အောက်မြေထိန်းနံရံအနည်းငယ်ပျက်စီး

**သရက်ချောင်း ဇွန် ၁၂**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့တွင် ဇွန် ၁၁ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှင့်ကိုးရှင်သမိုင်းဝင်ရှင့်တောင့်ပုံဘုရား ရင်ပြင်အောက်မြေထိန်းနံရံ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြေပြိုကျမှုဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ရဲမှူး ရဲမှူးစိန်ဒွေး၊ စခန်းမှူး ဒုတိယရဲမှူးမြသောင်း၊နှင့် တာဝန်ရှိသူများတို့က သွားရောက်စစ်ဆေးခဲ့ရာ ရှင့်တောင့်ပုံဘုရား အနောက်ဘက်ရှိ ရင်ပြင်အောက်ဘက်တွင် မြေထိန်းနံရံ အခြေမှ အကျယ် ပေ ၇၀ ခန့် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုကျမှုကြောင့် ရှင့်တောင့်ပုံစေတီရင်ပြင် ထိခိုက်မှုမရှိကြောင်းနှင့် ထိုနေရာ၌ မြေပြိုကျမှု ထပ်မံမဖြစ်ပွားစေရန် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူအသီးသီးတို့က ဂေါပကအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ၎င်းနေရာတွင် မိုးရေမကျနိုင်ရန် မိုးကာဖျင်စများဖြင့် ယာယီကာရံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးချစ်ဦး (ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စေတုတ္တရာ–ငဖဲ ကားလမ်းပျက်စီး

**စေတုတ္တရာ ဇွန် ၁၂**
မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အတွင်း ဇွန် ၉ ရက်မှ ၁၂ ရက် အထိ မိုးအဆက်မပြတ် ရွာသွန်းသဖြင့် စေတုတ္တရာ-ငဖဲလမ်းပိုင်းပေါ်တွင် ရေကြီး ရေလျှံမှု ဖြစ်ပွားပြီး လမ်းပိုင်းများ ပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်၍ အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။

ကျောက်ဖူးကျေးရွာ ရေရှောင် လူသွားလမ်း (၄၀၀×၆×၉) ပေ ပျက်စီးခဲ့ပြီး စေတုတ္တရာ-ငဖဲ ကားလမ်း ကောင်းကြီးကျေးရွာအုပ်စု ထမင်းချက်ကျေးရွာ မိုင်တိုင်(၂၈/၆) အနီးရှိ ရေပွန်ပျက်စီးမှုကြောင့် ကတ္တရာလမ်းအကျယ် ပေ၅၀ ခန့် ပျက်စီး၍ အနက် ၁၀ ပေခန့်ရှိလမ်းပြတ်တောက်မှု ဖြစ်ပွားခဲ့သည်။

ထို့အတူ ရေသောင်ကျေးရွာအုပ်စု ရေသောင်ကျေးရွာ အနောက်ဘက် ကျေးရွာတွင်းလမ်း ပေ ၂၀၀ ခန့် ပျက်စီးခြင်းနှင့် ထီးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးအရှည် ပေ ၄၀၀ ခန့် တိုက်စားသဖြင့် လူနေအိမ်နှင့် ၁၀ ပေခန့်သာ ကျန်ရှိပြီး လိုအပ်ပါက အိမ်သုံးလုံးခန့် ရွှေ့ပြောင်းပေးရမည်ဖြစ်ကြောင်း သိရသည်။ **သန်းဌွေး(မင်းဘူး)**



## ပြည်သူတစ်ရပ်လုံးပါဝင်နိုင်သည့် ကိုယ်လက်လှုပ်ရှားပြုလုပ်နိုင်ရန် ဘားအံ၌ Myanmar Fitness Dance သင်တန်းဖွင့်

**ဘားအံ ဇွန် ၁၂**
ပြည်သူတစ်ရပ်လုံး အားကစားလုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးကိုသိရှိ၍ ကိုယ်လက်လှုပ်ရှား အစီအစဉ်များနှင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ Myanmar Fitness Dance သင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၇ နာရီခွဲက ဘားအံမြို့ ကန်သာယာအနီးရှိ ကန်သာယာခန်းမ၌ ပြုလုပ်သည်။

ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ အား ပေးအပ်ရာ ကရင်ပြည်နယ် အမျိုးသမီး အားကစားကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသီသီဝင်းနှင့် အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဦးတို့က လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် အသက်ကြီးသော အမျိုးသမီးများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုရှိစေရုံသာမက စိတ်ကျန်းမာရေးကို ကောင်းမွန်စေပြီး ကမ္ဘာတစ်ဝန်း အသက်သေဆုံးမှုကို လျော့ကျစေခြင်း၊ အမျိုးသမီးများ၏ ခေါင်းဆောင်မှု စွမ်းဆောင်ရည် မြင့်မားရေးနှင့် စုပေါင်းလုပ်ဆောင်နိုင်မှုကို တိုးတက်သဖြင့် ကိုယ်လက်လှုပ်ရှားမှုကြောင့် ရောဂါကင်းဝေးစေသဖြင့် ဆေးတစ်ပါးသဖွယ် Zumba Basic လေ့ကျင့်စဉ်ကို လူထုစုပေါင်း အားကစားလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပြည်နယ်အတွင်း ပြုလုပ်နိုင်ရန်အတွက် ပြန်လည်ဆင့်ပွား သင်ကြားပေးနိုင်စေရန်နှင့် ပူးပေါင်း ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်နိုင်ရန်အတွက် သင်တန်းသား သင်တန်းသူ ၅၀ အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နည်းပြများဖြစ်သည့် မခိုင်ဇာဝေနှင့် မပုံ့ပုံ့တို့က ဇွန် ၁၃ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ကံမမြို့နယ်တွင် မင်းတုန်းချောင်းရေကြောင့် ပေ၇၂၀ အရှည်ရှိရေနံ့သာဘေလီတံတား မျောပါ



**ကံမ ဇွန် ၁၂**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ဇွန် ၁၁ ရက်မှစတင်၍ မင်းတုန်းချောင်းရေများ တစ်ရှိန်ထိုးကျဆင်းလာပြီး ချောင်းရေလျှံခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ချောင်းရေကျဆင်းမှုကြောင့် ကံမမြို့နယ် ရေနံ့သာကျေးရွာအနီး အရှည်ပေ ၇၂၀၊ အနံ ၁၂ ပေရှိသော မင်းတုန်းချောင်းကူး ရေနံ့သာဘေလီတံတားမှာ ဇွန် ၁၂ ရက် နံနက် ၃ နာရီ မိနစ် ၅၀ က တံတားပြုတ်ထွက် မျောပါသွားခဲ့ကြောင်း သိရသည်။

ယင်းတံတားအား ရေများစတင်မကျော်မီ ညဦးပိုင်းအချိန်မှ စ၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့် ပိတ်ထားသည့်အတွက် လူနှင့် မော်တော်ယာဉ်များ ထိခိုက်မှု မရှိကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း (ပြန်/ဆက်)**

## ကမ်းပြိုအန္တရာယ်ကြောင့် အိမ်နှစ်လုံးအချိန်မီပြောင်းရွှေ့

**ငါးသိုင်းချောင်း ဇွန် ၁၂**
ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သောင်ကြီးကျေးရွာအုပ်စု သောင်ကြီးကျေးရွာ၌ ဇွန် ၁၂ ရက် နံနက်ပိုင်းက ငဝန်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပြိုကျမှုဖြစ်ပွားခဲ့ပြီး မြစ်ကမ်းအနီးရှိ ကမ်းပြိုအန္တရာယ်ကျရောက်နိုင်သော အိမ်နှစ်လုံးအား အချိန်မီဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

မြစ်ကမ်းပြိုကျမှု အန္တရာယ်ကိုလည်း အဆက်မပြတ် သတိထားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ညောင်လေးပင်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အလုံး ၃၀ နီးပါး ပျက်စီး

**ညောင်လေးပင် ဇွန် ၁၂**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဇွန် ၁၁ ရက် က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ် အလုံး ၃၀ နီးပါး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့နယ် ကွင်းဒလကြီးကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ဆွမ်းစားဆောင်တစ်လုံး၊ လူနေအိမ်ငါးလုံးတို့မှာ သွပ်များလန်ပြီး ပြိုကျပျက်စီးခဲ့သည်။ ပွင့်တန်ဆာမြို့ မြို့မ (၃) ရပ်ကွက်၌ ခနိမိုးထရံကာ သုံးပင်ပတ်လည်အိမ် တစ်လုံးပြိုကျကာ ည ၁၀ နာရီခန့်က မုက္ခမူကျေးရွာ၌ အိမ်အလုံး ၂၀ အမိုးများလန်ပျက်စီးခဲ့သည်။

ပျဉ်ရေကြီးကျေးရွာ၌ ကုက္ကိုပင်ကျိုးကျမှုကြောင့် သုံးပင်ပတ်လည် နေအိမ်တစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ (ညောင်လေးပင်)**



# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

ပြင်သစ်အိုးပင်းဖလားကို ၁၁ ကြိမ်ဆက် ရယူသွားတဲ့ ရာဖေးလ်နာဒယ်လ်ရဲ့ ပြောစကား၊ စီရိုနယ်လ်ဒိုနဲ့နေမာ ရီးယဲလ်ဘယ်သူ့ကို ရွေးမလဲ၊ ရာမို့စ်နဲ့ ဆာလာတို့ကြား မပြီးပြတ်သေးတဲ့ အပြန်အလှန်စကားစစ်ထိုးမှုများနဲ့အတူ ဒီတစ်ပတ်အတွင်း ထူးခြား အားကစားသတင်းတွေကို တင်ဆက်ပေးလိုက်ပါတယ်။

## မပြီးဆုံးနိုင်သေးတဲ့ ရာမို့စ်နဲ့ ဆာလာကြားက စကားစစ်ထိုးမှုများ



လီဗာပူးရဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ အရေးနိမ့်မှုမှာ ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်က ဗီလိန် ဖြစ်ခဲ့ရပြီး သူဟာ လီဗာပူးတိုက်စစ်မှူး ဆာလာကို ကွင်းထဲက ထွက်ခွာရအောင် ဒဏ်ရာရစေခဲ့သူလို့ စွပ်စွဲမှုတွေရှိနေသလို အမှားတွေ ကျူးလွန်ခဲ့တဲ့ ကားရီးယက်စ်ကလည်း ရာမို့စ်ရဲ့ တံတောင်နဲ့ ရိုက်မိခဲ့လို့ အမြင်ပိုင်းပြဿနာတွေကြောင့် အခုလိုဆိုးရွားတဲ့ အမှားအချို့ကျူးလွန်ခဲ့တာဆိုတဲ့ ဆေးပညာရှင်အချို့ရဲ့ ပြောကြားချက်တွေကလည်း မီးလောင်ရာလေပင့် ဆိုသလိုပါပဲ။


ရာမို့စ်ကတော့ ဆာလာအနေနဲ့ ဆေးထိုးပြီး ဗိုလ်လုပွဲကို ဆက်ကစားသင့်တယ်၊ သူ့ကို တရားခံချနေသူ များနေတာကြောင့် ဖာမီနိုလည်း သူ့ချွေးစက်ကျကာ အအေးမိပြီး ဖျားတာမျိုးဖြစ်လာနိုင်သေးတယ်လို့ မခံချိမခံသာ တုံ့ပြန်ခဲ့တာဟာ အားကစားသတင်းတွေရဲ့ ခေါင်းစီးသတင်းတွေအဖြစ် နေရာယူနိုင်ခဲ့ပါတယ်။

ဆာလာဟာ အစောပိုင်းက အချိန်အတော်ကြာ နှုတ်ဆိတ်နေခဲ့ပေမယ့် သူ့ကိုဆေးထိုးပြီး ပြိုင်ပွဲကို ဆက်ကစားသင့်တယ်လို့ ဆိုခဲ့တဲ့ ရာမို့စ်ရဲ့ စကားအပေါ် ဒေါသထွက်သွားတဲ့ ပုံပေါ်ပါတယ်။ အဲဒီနောက်တော့ ရာမို့စ်က သူ့ကို မက်ဆေ့ချ်ပို့ပေမယ့် သူကတော့ အိုကေပါတယ်လို့ ပြန်မပြောကြောင်း၊ သူသာဆေးထိုးပြီးပြိုင်ပွဲကို ဆက်ကစားရင် ကမ္ဘာ့ဖလားနဲ့ သေချာပေါက်လွဲချော်မှာဖြစ်ကြောင်းစသဖြင့် တောက်လျှောက်ချေပသွားခဲ့သလို သူ့ရဲ့ကြံ့ခိုင်မှု ကောင်းမွန်ရေးအတွက်လည်း လေ့ကျင့်နေပုံတွေကို လူမှုကွန်ရက်တွေပေါ်မှာ တောက်လျှောက်တင်ခဲ့တာကို တွေ့ရပါတယ်။

ကာယကံရှင်တွေရဲ့ အပြန်အလှန်ပြောဆိုမှုတွေ ရှိနေသလို တစ်ဖက်မှာလည်း ဘောလုံးလောကကျွမ်းကျင်သူတွေရဲ့ ထင်မြင်ချက်တွေ၊ အီဂျစ်က ရှေ့နေတစ်ဦးရဲ့ အဓိပ္ပာယ်မဲ့ ရာမို့စ်ကို လျော်ကြေးတောင်းမယ်ဆိုတဲ့ သတင်းတွေကို မီဒီယာတွေက တောက်လျှောက်ဖော်ပြခဲ့ကြတာကြောင့်လည်း သာမန်ဒဏ်ရာရတဲ့ဖြစ်ရပ်က မပြီးဆုံးနိုင်ဖြစ်နေတာပါ။ တကယ်တော့ ရာမို့စ်ပြောတာ မှန်ပါတယ်၊ အခြားကစားသမားတွေလည်းပဲ ပခုံးဒဏ်ရာလောက်ကို ဆေးထိုးပြီးပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်တတ်ကြပြီး ဆာလာဟာ ရာမို့စ်ကို လက်စချိတ်ခဲ့တာဖြစ်သလို ရာမို့စ်ကလည်း သူ့အလုပ်သူအတိုင်း ဘောလုံးကို ဖျက်ထုတ်ရယူဖို့ ကြိုးစားခဲ့တာသာဖြစ်ပါတယ်။

ကစားသမားတစ်ဦး ပခုံးဒဏ်ရာ ရသွားတယ်ဆိုတာ သာမန်ဒဏ်ရာသာဖြစ်ပြီး လပေါင်းများစွာကြာအောင် အနားယူရတဲ့ ခြေထောက်ကျိုးသွားတာ၊ အရွတ်ကြောပျက်စီးသွားတာလည်း မဟုတ်တာကြောင့် သူတို့နှစ်ဦးကြား ပြောလို့မပြီးဖြစ်အောင် ဖန်တီးနေတာက ဘောလုံးဆို သဲသဲလှုပ်အားပေးတဲ့ လီဗာပူးပရိသတ်တွေအကြိုက်လိုက်ရေးသားနေတဲ့ မီဒီယာတွေကိုသာ ဖြစ်တယ်လို့ လက်ညှိုးထိုး အပြစ်တင်ရတော့မှာ ဖြစ်ပါတယ်။

## အတုယူဖွယ် နာဒယ်လ်ရဲ့ အောင်မြင်ရေးသဘောထား



မြေစေးကွင်းဘုရင် နာဒယ်လ်ဟာ ဇူလိုင်၁၀ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ပြင်သစ်အိုးပင်းဗိုလ်လုပွဲမှာ ဩစတြီးယားနိုင်ငံသား ဒါမနစ်သီယမ်ကို သုံးပွဲပြတ် အနိုင်ကစားပြီး သူ့အတွက် ၁၁ ကြိမ်မြောက် ပြင်သစ်အိုးပင်းဖလား ၁၇ ကြိမ်မြောက် ဂရင်းစလင်းချန်ပီယံဆုအဖြစ် ရယူသွားပါတယ်။

နာဒယ်ဟာ ဩစတြေးလျ အိုးပင်းပြိုင်ပွဲပြီး ကတည်းက တင်ပါးဒဏ်ရာကြောင့် နှစ်လကျော်ကြာ အနားယူနေရတဲ့အတွက် လက်ရှိ ပြင်သစ်အိုးပင်း ချန်ပီယံဘွဲ့ကို နာဒယ်လ် အောင်အောင်မြင်မြင် ကာကွယ်နိုင်ပါ့မလားဆိုတဲ့ သံသယတွေ ပြိုင်ပွဲမစတင်မီ ရှိခဲ့တာကြောင့်လည်း သူဟာ ချန်ပီယံ ဆုကိုကိုင်မြှောက်ခွင့်ရချိန်မှာ မျက်ရည်ကျလုနီးပါး ဖြစ်ခဲ့တဲ့အထိ ခံစားချက်ပြင်းထန်ခဲ့တာကိုတွေ့ရပါတယ်။

လက်ရှိကမ္ဘာ့အဆင့်(၁) ကစားသမားလည်းဖြစ် မြေစေးကွင်းဘုရင်လည်းဖြစ်တဲ့ နာဒယ်လ်အနေနဲ့ ဂရင်းစလင်းဖလားကို အကြိမ် ၂၀တိုင်ကိုင်မြှောက်နိုင်ပြီးဖြစ်တဲ့ ခေတ်ပြိုင်တင်းနစ်စတား ဖက်ဒဲရာရဲ့ အောင်မြင်မှုကို လိုက်မီဖို့ (ဒါမှမဟုတ်) ကျော်လွန်ဖို့ ကြိုးစားမလားဆိုတဲ့ မေးခွန်းကို မေးမြန်းခံရချိန်မှာ သူ့ရဲ့ ပြန်လည် ဖြေကြားချက်က အနှစ်သာရရှိတဲ့ မှတ်သားဖွယ်စကား ဖြစ်ခဲ့ပါတယ်။

နာဒယ်လ်က သူဟာ ရည်မှန်းချက်ရှိတဲ့သူဖြစ်ပေမယ့် သူတစ်ပါးလို ထပ်တူလိုက်ဖြစ်ရမယ်ဆိုတဲ့ အတွေးမျိုးတွေးမထားခဲ့ဘူးလို့ ဆိုခဲ့ပါတယ်။ သူက “ကျွန်တော်က ဒီလိုကိစ္စရပ်အတွက် ရူးရူးမူးမူးမဖြစ်တတ်ပါဘူး၊ ခင်ဗျားအနေနဲ့ ဒီလိုခံစားချက်ကြီးနဲ့ပဲ ရှင်သန်ဖို့ မဖြစ်နိုင်ပါဘူး၊ ကိုယ်ပိုင်နည်းလမ်းရှိဖို့ လိုအပ်ပါတယ်” တဲ့။ ဒါ့အပြင် သူက အနာဂတ်မှာ ဖက်ဒဲရာလို ဂရင်းစလင်းဖလား အကြိမ်၂၀ (ဒါမှမဟုတ်) ဒီထက်ပိုတဲ့ဂရင်းစလင်းဖလားတွေကို ရယူလိုပေမယ့် သူဟာ ကိုယ့်ရဲ့ အောင်မြင်တဲ့ အသက်မွေးဝမ်းကျောင်းဘဝကို သေချာသိတယ်၊ ဒီအချက်ကို ရေရှည်ထိန်းဖို့သာ ကြိုးစားမယ်လို့ ဖြေကြားခဲ့တာကြောင့် ဒါဟာ အောင်မြင်ဖို့ ကြိုးစားနေတဲ့လူတိုင်းအတွက်သာမက ဘယ်လောက်ပဲ အောင်မြင်အောင်မြင် ကျေနပ်တင်းတိမ်ခြင်းမရှိတဲ့ လူငယ်များအတွက် အတုယူဖွယ်မှတ်သားသင့်တဲ့ စကားအဖြစ် ဖော်ပြပေးလိုက်ပါတယ်။

မေလှဲ့သင်း-ရေးသားသည်

## နေမာနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးထဲက ဘယ်သူ့ကိုရွေးမလဲ ရီးယဲလ်




ရီးယဲလ်မက်ဒရစ်အသင်းက နေမာကိုခေါ်ယူဖို့ ခြေလှမ်းပြင်နေတာ ခရီးတစ်ဝက်လောက် ရောက်နေခဲ့ပြီး ရီးယဲလ်က ဘရာဇီးစတားအတွက် ပေါင် ၃၀၇သန်းအထိ အသုံးပြုသွားဖို့ ရှိနေခဲ့တယ်လို့ သိရပါတယ်။ ရီးယဲလ်က နေမာကိုရဖို့ ပီအက်စ်ဂျီနဲ့ နေမာတို့ ချုပ်ဆိုထားတဲ့ ထွက်ခွာခွင့်သဘောတူညီချက် ပေါင် ၂၆၃ သန်းအပြင် ပေါင် ၄၄ သန်း ထပ်ပိုးပြီး ပေါင် ၃၀၇ သန်းနဲ့ ခေါ်ယူဖို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။

ရီးယဲလ်နဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းက ပီအက်စ်ဂျီက နေမာကို လိုချင်ရင် စာချုပ်ပါ ထွက်ခွာခွင့်အချက် ပေါင် ၂၆၃သန်း (ယူရိုသန်း ၃၀၀)နဲ့ စက်တင်ဘာ ၁ ရက် (အပြောင်းအရွှေ့ဈေးကွက် ဖွင့်ပြီးနောက်တစ်ရက်) မှာသာ ရရှိနိုင်မယ်လို့ အကြောင်းပြန်ခဲ့တာကြောင့် ပီအက်စ်ဂျီဘက်ကတော့ နေမာကို ထွက်ခွာခွင့်မပေးလိုဘဲ ၂၀၁၉ ခုနှစ်အထိ ဆက်ထိန်းဖို့ ဆုံးဖြတ်ထားတယ်ဆိုတာ ထင်ရှားပါတယ်။ နေမာဟာ ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ဘာစီလိုနာကနေ ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့ကြေး ပေါင် သန်း၂၀၀ ( ယူရို ၂၂၅သန်း) နဲ့ ပြောင်းရွှေ့ခဲ့တာကြောင့် ပီအက်စ်ဂျီအနေနဲ့ နေမာကို ပြန်ရောင်းချမယ်ဆိုရင် တစ်ရာသီအကြာမှာ ပေါင် ၁၀၇သန်း မြတ်စွန်းမှာဖြစ်ပေမယ့် ဒီအခွင့်အရေးကို ငြင်းပယ်လိုက်တာဖြစ်ပါတယ်။ ယခုအာဆင်နယ်နည်းပြ အမ်မရီက ပီအက်စ်ဂျီနည်းပြက သူမဟုတ်ခဲ့ဘဲ နေမာဖြစ်ခဲ့တာလို့ ဖွင့်ဟခဲ့ပြီး အသင်းပိုင်ရှင် အယ်ခီလိုင်ဖီရဲ့ နေမာအပေါ် အရေးထားမှုကို သွယ်ဝိုက်ဖွင့်ဟခဲ့ပါတယ်။

ရီးယဲလ်အသင်းက ပြောင်းရွှေ့ကြေးပေးနိုင်တယ်ဆိုရင်တောင် နေမာရဲ့ တစ်နှစ်လုပ်ခပေါင်၃၉သန်း (ယူရို ၄၅သန်း) ကို ပေးချေနိုင်မလား၊ ဒါလည်း မသေချာပါဘူး။ ရီးယဲလ်ဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုအတွက် တစ်နှစ်လုပ်ခ ပေါင် ၁၈ သန်း (ယူရို ၂၁ သန်း) ပေးချေနေရတာကြောင့် နေမာကို ရအောင်ခေါ်ရင် သူတို့နှစ်ဦးစလုံးရဲ့ မြင့်မားတဲ့လုပ်ခလစာကို ပေးချေဖို့ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စဖြစ်လာပါတယ်။

ဒီတော့ ရီးယဲလ် ဥက္ကဋ္ဌပီရက်ဇ်က နေမာကို ခေါ်ယူဖို့ စီရိုနယ်လ်ဒိုကို လက်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီး ဒီကိစ္စရပ်အပေါ် နည်းပြဇီဒန်းက သဘောမတူညီခဲ့တာကြောင့် နောက်ဆုံး ပီရက်ဇ်နဲ့ ဇီဒန်းကြား ညှိမရဖြစ်ကာ ရီးယဲလ်က ဇီဒန်း ထွက်ခွာသွားခဲ့တာလို့ အချို့သတင်းဌာနတွေက ဖော်ပြခဲ့ကြပါတယ်။ ခုနောက်ဆုံးထွက်လာတဲ့ သတင်းအရ ရီးယဲလ်က စီရိုနယ်လ်ဒိုကို တစ်ပတ်လုပ်ခပေါင် ၅၅၀၀၀၀ (တစ်နှစ်လုပ်ခ ပေါင် ၂၈ ဒသမ ၅ သန်း) နဲ့ စာချုပ်သက်တမ်းတိုးရေးကမ်းလှမ်းထားပြီး စပိန်သတင်းစာဆရာ မာနိုလာမာရဲအဆိုအရ ရီးယဲလ်က စီရိုနယ်လ်ဒိုအတွက် မူရင်းလုပ်ခလစာ ပေါင် ၂၂သန်း၊ အပိုဆုကြေးအတွက် ပေါင် ၆ ဒသမ ၅ သန်းနဲ့ကမ်းလှမ်းခဲ့တာလို့ သိရပါတယ်။

စီရိုနယ်လ်ဒိုက ချန်ပီယံလိဂ်ဗိုလ်လုပွဲမတိုင်မီ ရီးယဲလ်မှာ လုံလောက်တဲ့ ကစားသမားအင်အားရှိနှင့်ပြီးဖြစ်တာကြောင့် နေမာကို မလိုဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့စကားကို ပြောခဲ့တာကြောင့် နေမာရောက်လာမှာကို စီရိုနယ်လ်ဒိုမလိုလားဘူးဆိုတဲ့ ယူဆချက်တွေလည်း ထွက်လာပါတယ်။ ရီးယဲလ်နောက်ခံလူ မာဆယ်လ်လိုကတော့ နေမာကို စီရိုနယ်လ်ဒိုပိုင်တာ မဟုတ်တာကြောင့် နေမာ ရီးယဲလ်ကို ရောက်ရှိလာရေး တားဆီးနိုင်ခြင်းမရှိဘူးလို့ မှတ်ချက်ပြုပါတယ်။

တချို့ကိစ္စရပ်တွေကျတော့ ရေခဲချပ်ကြီးလိုပဲ အပေါ်ကကြည့်ရင် အနည်းငယ်သော အစိတ်အပိုင်းကို မြင်ရမှာဖြစ်ပေမယ့် အတွင်းပိုင်းမှာ ပြဿနာတွေက အများကြီးရှိနိုင်တာကြောင့် ဇီဒန်းခေတ်လွန် ရီးယဲလ်အသင်းကို ဘယ်သူဦးဆောင်မလဲ၊ စီရိုနယ်လ်ဒိုနဲ့ နေမာတို့ထဲက ဘယ်တစ်ဦးကို ရီးယဲလ်အသင်းရွေးမလဲ၊ ဒါမှမဟုတ် အစောပိုင်း သတင်းတွေက ဖော်ပြခဲ့သလို ဂါရတ်ဘေးလ်၊ ဘင်ဇီမာတို့ကို ထုတ်ရောင်းပြီး နေမာကို ခေါ်ယူကာ ရီးယဲလ်တိုက်စစ်အတွဲမှာ စီရိုနယ်လ်ဒိုနဲ့ နေမာတို့ ပူးတွဲကစားမှုကို ပရိသတ်တွေ မြင်ရမလား ဒါလည်း စိတ်ဝင်စားစရာကောင်းပါတယ်။


ရှိကြတယ်!
MYTEL
ခံစားခွင့် နှစ်ဆ
mytel
EMPOWER
9:00 MYTEL LTE
၄,၀၀၀ ကျပ်တည်းသာ
၅GB
+၂၅၀မိနစ်
*966*40#
အံ့ဩဖွယ်ရာများရယူဖို့ Shake လိုက်ရအောင်
နေ့တိုင်းလွယ်လွယ်ကူကူ Shake ပြီး
ရှယ်လက်ဆောင်များ ရယူလိုက်ပါ။
10 IPHONE X
DATA
VOICE
SMS
4G LTE
အင်တာနက်များများသုံးပြီး ဖုန်းများများခေါ်ရအောင်
Mytel မိုက်တယ် SIM နှင့် များစွာသော Bonus များ
▲ ပထမဆုံး (၃)လအတွက် ၁၅၀၀ MB နဲ့ မိနစ် ၁၅၀
▲ ဘေလ်ဖြည့်မှုတိုင်းအတွက် ၁၀၀% အပိုထပ်ဆောင်းဘေလ်ရရှိမှု (Any-net နှင့် ဒေတာ)
1 MB - ၅ကျပ်/ ၁မိနစ် ၁၀ ကျပ်ဖြင့် ၄၀% သက်သာစေမည့် သုံးသလောက်ပေး
စက္ကန့်အလိုက် ဖုန်းခေါ်ဆိုမှု ကောက်ခံမည့်အစီအစဉ်
Shaking ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် ဩဂုတ်လ ၂၀၁၈ အထိသာ
မိုက်တယ် ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် စက်တင်ဘာလ ၂၀၁၈ အထိသာ
www.mytel.com.mm
09690000966
Or dial 966
Mytel App ရယူနိုင်ပါပြီ။
GET IT ON Google Play
App Store

# NELC
"Don't Worry, Just Speak!"

Young Learners Regular Classes

Age 6 to 15 Years Old

Saturday & Sunday

Enroll Now!



| Level | Cambridge Exams |
|---|---|
| Beginner(1,2) | - |
| Foundation ( 1 to 6 ) | Starters, Movers, Flyers |
| Step Up (1 to 5) | KET, PET, FCE |

- ရန်ကင်း- 01 8550727~8
- စမ်းချောင်း - 09 428612639
- မရမ်းကုန်း - 09 73065345
- အလုံ - 09 958696573~4
- ကမာရွတ် - 09 958696538~9
- ဗိုလ်အောင်ကျော် - 01 256516~7
- မြေနီကုန်း - 01 526311/ 523680
- မင်္ဂလာတောင်ညွန့် - 09 443748208~9
- သယ်န်းကျွန်း - 09 960603700~800
- မြောက်ဥက္ကလာပ - 09 960604700
- မန္တလေး - 09 91023900/ 30869100
- နေပြည်တော် - 09 782009390
- လားရှိုး - 082 26611
- ပြင်ဦးလွင် - 09 400306019
- တာချီလိတ် - 084 52572

**Asia Dragon** (အလှပြင်)

ချောင်းသာ 12,000/- ငွေဆောင် 12,000/-

ကျိုက်ထီးရိုး ထားဝယ်

ခြင်္သေ့မြို့ ပုဂံ၊ ပုပ္ပါး

09 300 300 70, 09 300 300 90

**ရွှေစင်နှင့်** 09-420420761,09-420420762,09-420420763

- ထားဝယ်ရှင်ကိုးရှင်၊ ပေါင်းပကန်၊ မြေပုံ၊ ကျိုက္ကမီ၊ စက်စေ။ 75000/100000
- မြဝတီ၊ မဲဆောက်၊ ပဝေါနတ်နန်း။ ဘားအံ ဂူဘုရား။ 75000
- ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး။ ပဲခူး - သီဟိုဠ်ရှင်။ 75000
- ရှင်သီဝလိဖြေတော်ရာ၊ စပ်လဲရေတံခွန်၊ ဖားအံ ဆင်စခန်း။ 15000
- ကျိုက်ထီးရိုး/ချောင်းသာ (ဒနုဖြူ) ကားမျိုးစုံ စင်းလုံးငှားသည်

**ရတနာပူ** ခရီးစဉ်တိုင်း - စားကြိုမ်ား

- တောင်ပြီးပြင်းနေ့ပဲ မန္တလေး မြင်ဦးကျွင် July 1
- ကျောက်စိမ်း ကျောက်ဆည်၊ ကျောက်နဂါး
- ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ
- ရှင်သီဝလိ သဲသောမုရေတံခွန်၊ ဘုရားများ

09-250147247, 09-774438366

**သုခမိန်** မှ ထူးထူးခြားခြား ဝါဆို သင်္ကန်း တစ်

- ဝါဆိုသင်္ကန်းကပ် ရှမ်း / ကယားပြည်နယ်လှိုင်တော်
- တနင်္ဂနွေ အပါတ်စဉ်နေ့ချင်းပြန် ကရင်နေရာသစ် ဆီ

01-253079 / 09 5155654 / 09765155654 / 09965155654

**Columbus** TRAVELS & TOURS

Columbus (ရုံးချုပ်) တနင်္ဂနွေ နေ့တိုင်းဖွင့်ပြီ

နံနက် ၉:၀၀ မှ နေ့လည် ၁၂:၀၀ နာရီအထိ

www.columbusairticket.com တွင်ပြည်တွင်းလေယာဉ်လက်မှတ်များဝယ်ယူနိုင်ပါပြီ...

အမှတ် (၅၈၆)၊ ကမ်းနားလမ်း နှင့် ဂုလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၀၉-၉၅၃၀၃၈၃၈၅၊ ၀၉-၉၅၃၀၃၈၃၈၆၊ ၀၉-၉၅၃၀၃၈၃၈၇။

လေယာဉ်ပျံလက်မှတ်ကိုယ်စားလှယ် (စ်)

**KMD** Institute Since 1986

နိုင်ငံတကာအရည်အသွေးစံချိန်မီ ISO 9001:2015 လက်မှတ်ရ

LCCI

ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော **LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)**

- Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခမဲ့ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး၊ အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

KMD မှ MYOB ကျောင်းသား ကျောင်းသူများအတွက် LCCI သင်တန်းအပ်နှံခွင့်....

သင်တန်းကြေး **20% OFF**

LCCI - I, II DEC Exam Series 27 - June - 2018 5:30 - 7:30 pm (Wed,Thu, Fri)

LCCI - III JAN Exam Series 21 - July - 2018 11:00 am -5:00 pm (Sat & Sun)

မြေနီကုန်းစင်တာ ၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး၊ ☎ ၅၂၇၄၃၆၊ ၅၀၂၂၃၃

**လင်းသိုက်ညွန့် (မြန်မာ့မြေ)၏**

အုပ် ၃၀ မြောက် အထူးထုတ်စာအုပ်သစ်

**ကိုယ်ရည်ကိုယ်သွေးမြင့်မားစွာ အောင်မြင်ခြင်း**

( ကိုယ် ရည် ကိုယ် သွေး မြင့် မား ရေး ဆိုင် ရာ နည်း နာ များ )



စာအုပ်သစ် လက်မှတ်ရေးထိုးပွဲနှင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးဆိုင်ရာ ဆွေးနွေးပွဲကို ၁၆-၆-၂၀၁၈ (စနေနေ့)၊ ညနေ (၃) နာရီတွင် လှည်းတန်းစင်တာ City Mart ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဖြန့်ချိရေး Success စာပေ ၀၁-၅၀၃၁၇၂

၁၆-၆-၂၀၁၈ မှစ၍ စာအုပ်ဆိုင်များ၊ City Mart များ၊ Ocean စင်တာများတွင် ဝယ်ယူနိုင်ပါပြီ။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....







မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တက်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် *" Only One School in Myanmar "*

## IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

Japan Style Career Education

- System Creator Course ( 2 years )
- Web Engineer Course ( 2 years )

**2018 July 20 ရက်တွင်ဖွင့်လှစ်မည့် IT Course တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ**

**09-976334160, 09-262007900**

METRO IT & Japanese Language Centre

Metro Education & Career Seminar

Date : 16th June 2018 ~ 17th June 2018

Time : 9:00 am to 5:00 pm

Place : Sule Shangri-La Hotel, 2nd Floor, Myanmar Ballroom

Metro ပြခန်း ( အမှတ် 45,46,47,48 ) သို့ လာရောက်၍ လေ့လာကြသူများအတွက် အမှတ်တရလက်ဆောင်များ ၊ ကျောင်းသားကျောင်းသူများအတွက် Free Trial Lecture များကို တက်ရောက်သင်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၄)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော်　ဇွန်　၁၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်နိုင်ငံ၌ ယနေ့ကျင်းပသည့် (၂၄)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဒုတိယမြောက်နေ့တွင် ယခုနှစ်အစည်းအဝေး၏ အကြောင်းအရာဖြစ်သည့် "ပွင့်လင်းသော အာရှဖြစ်ရေး-ကြီးပွားရေးနှင့် တည်ငြိမ်ရေးရရှိအောင် ဆောင်ရွက်ရေးနည်းလမ်း"နှင့်အညီ အမှာစကားပြောကြားရာ ဒီမိုကရေစီအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအား ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

အရှေ့အာရှနှင့် ပစိဖိတ်ဒေသများတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ တဖြည်းဖြည်းဖွံ့ဖြိုးလာပြီး စီးပွားရေးဖွံ့ဖြိုးမှု ရာခိုင်နှုန်းကို ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းထိ တိုးမြှင့်ရန် မျှော်မှန်းထားပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကုန်သွယ်ရေး အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ကို ဆွေးနွေးတင်ပြပြီး အာရှ၏ အနာဂတ်သည် ငြိမ်းချမ်းရေးကိုအရင်းပြုပြီး ဘက်ပေါင်းစုံပါဝင်သည့်စနစ် အားကောင်းစေရေးနှင့် စည်းမျဉ်းစည်းကမ်းပေါ်အခြေခံ၍ ဘက်ပေါင်းစုံပါဝင်သော ကုန်သွယ်မှုစနစ် ကာကွယ်ခြင်းသည်သာ အရေးကြီးဆုံးဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် moderator တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်နှင့်ပတ်သက်၍လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်တွင်းရှိ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့စေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စသည်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ၎င်း၏ အမြင်ကို ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၄)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဒုတိယမြောက်နေ့တွင် ပါဝင်ဆွေးနွေးစဉ်။


ကွာတားဖိုင်နယ်ပွဲစဉ် ကစားရမည့် ရန်ကုန်အသင်းသားအချို့ အောင်ပွဲခံနေစဉ်။

# ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ပထမနေ့)ပွဲများ ယနေ့ကျင်းပမည်

ရန်ကုန်　ဇွန်　၁၂

**၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ပထမနေ့)ကို ဇွန် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး MNL အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံနေသလို ရှုံးထွက်ပွဲဖြစ်သောကြောင့် ထင်မှတ်မထားသည့်ရလဒ်များလည်း ထွက်ပေါ်လာနိုင်သည်။**

ကွာတားဖိုင်နယ်(ပထမနေ့)အဖြစ် ဇွန် ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် GFA အသင်း၊ အောင်ဆန်းကွင်း၌ ဧရာဝတီအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကွာတားဖိုင်နယ်(ဒုတိယနေ့)ကို ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရခိုင်၊ စစ်ကိုင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဧရာဝတီနှင့် မကွေးအသင်းမှာမူ ဒုတိယအဆင့်မှ စတင်ကစားခဲ့ရပြီး ချန်ပီယံဆုရဖူးသည့်အသင်းနှစ်သင်း၏ တွေ့ဆုံမှုဖြစ်သောကြောင့် ကွာတားဖိုင်နယ်ပွဲများအနက် ပြိုင်ဆိုင်မှုပြင်းထန်မည့် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ ဒုတိယအဆင့်တွင် ဧရာဝတီအသင်းက ရွှေပြည်ရယ်သန်လျင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မကွေးအသင်းက ဒဂုံအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ ဧရာဝတီအသင်းသည် အမှတ်ပေးပွဲနောက်ဆုံးပွဲတွင် ရန်ကုန်ကို အနိုင်ရထားသောကြောင့် စိတ်ဓာတ်ပိုင်းမြင့်မားနေပြီး ယခုပွဲကိုလည်း တစ်ကျော့ပြန် ချန်ပီယံဆုအတွက် အားကုန်ထုတ်ကစားဖွယ်ရှိနေသည်။ မကွေးအသင်းမှာမူ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် နိုင်ပွဲမရသေးဘဲ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဟံသာဝတီကို အဝေးကွင်း၌ သရေကျထားသည်။ ရန်ကုန်အသင်းသည် GFA အသင်းနှင့် တွေ့ဆုံနေသော်လည်း ၂၀၁၅ ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ဖူးသည့် အစဉ်အလာကြောင့် သတိပြုကစားရဖွယ်ရှိနေသည်။ ထို့ပြင် ဇွန် ၁၀ ရက်က ကစားခဲ့သည့်အမှတ်ပေးပွဲတွင် ဧရာဝတီကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရာ အပြောင်းအလဲပြုလုပ်ရန် လိုအပ်နေသည်။ ရန်ကုန်အသင်းသည် ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး GFA အသင်းမှာမူ ပထမအဆင့်တွင် ငွေကြယ်ပွင့်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအဆင့်တွင် Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလာခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

JUNE 30, 2018 (Sat)
ဆယ်တန်းအလွန် ရွေးချယ်စရာအနာဂါတ် ပညာရေးနှင့် အခွင့်အလမ်းများ
NOVOTEL HOTEL, 9:00 a.m to 12:00 noon
CROWN EDUCATION
YOUR DOOR TO THE FUTURE
ROYAL ACADEMIC INSTITUTE
◆ စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ဗိုလီဝင်ခွင့်သိမှတ်ဖွယ် သိမှတ်ဖွယ်ရာများ
◆ နိုင်ငံတကာဆေးတက္ကသိုလ်တက်လိုသူများအတွက် သိထားသင့်သည့် အချက်အလက်များ
◆ ပြည်တွင်းပုဂ္ဂလိက / အစိုးရတက္ကသိုလ်တွေတက်မယ်ဆိုရင် အရွေးမမှားအောင် ဘယ်လိုရွေးမလဲ
◆ ပြည်ပမှာ ကျောင်းတက်ဖို့အတွက်
iGCSE, GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာ ပြင်ဆင်သင့်သလဲ
◆ ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပတွင် သင်ယူနိုင်မည့်ကျောင်းနှင့် နိုင်ငံများအကြောင်း
◆ နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များကို ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

ဖုန်းနံပါတ် – ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ ၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂ ၊ ၀၉ ၄၅၀၀ ၅၆ ၃၀၀
မိမိတို့ ဘာဝါသနာပါတယ် ဘယ်လိုပညာရပ်တွေမှာ ထူးချွန်နိုင်တယ်ဆိုတာ သိရှိနိုင်တဲ့ Multiple Intelligences SELF - ASSESSMENT ကို အခမဲ့ စစ်ဆေးပေးမှာဖြစ်ပါတယ်။